ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် တွင် စတင် တည်ထောင်သည်။ Established in 1957

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကို ရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဏ်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်၊ အင်္ဂါနေ့။ Tuesday, 16 July 2019 ၉၇၁၂

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား ယနေ့ ညနေ ၄ နာရီ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် အထူးကိုယ်စားလှယ်က ၎င်း၏ ရခိုင်ပြည်နယ်ခရီးစဉ် အတွေ့အကြုံများ၊ မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂအထွေထွေညီလာခံသို့ အစီရင်ခံစာတင်သွင်းရေးအတွက် ဆောင်ရွက်နေသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေး၊ ရခိုင်ပြည်နယ်တွင် လူမှုအသိုက်အဝန်းများအကြား သဟဇာတဖြစ်စွာ ပြန်လည်ပေါင်းစည်းနေထိုင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အခြေခံလိုအပ်ချက်များ ပိုမိုရရှိရေး၊ လုံခြုံရေးနှင့် လွတ်လပ်စွာ သွားလာခွင့်ရရှိရေးအပါအဝင် မြေပြင်အခြေအနေတိုးတက်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံမှုသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

ဘဏ်လားပင်လယ်အော် အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘဏ်လားပင်လယ်အော် တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ဓာတ်ပုံ/ဇလ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကပွလီပင်လယ်ပြင်နှင့် ဘဏ်လားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေမည်။ ဓာတ်ပုံ/ဇလ

ကြေးမုံ ယနေ့ဖတ်စရာ

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများ နှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် — စာမျက်နှာ ၈

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံတစ်ခုချင်း အလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိ — စာမျက်နှာ ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင်မှ အများပြည်သူပြောကြား အာဇာနည်နေ့ အမှတ်တရစကားများ — စာမျက်နှာ ၁၁

ချမ်းသာခြင်းအမှန်ကို သိမြင်နိုင်သည့် သိပ္ပံနည်းကျ ခိုင်မာသော တရားတော် — စာမျက်နှာ ၁၅

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

"သန္တေ တောထွက် ဓမ္မစက် တန်ခိုးပြာဋိဟာ" ဟူသော ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ ထူးမြတ်သောဖြစ်စဉ်လေးမျိုးသည် ဤဝါဆိုလပြည့်နေ့တွင် ဖြစ်ပေါ်ခဲ့သည်။ ဘုရားအလောင်းတော်သည် ဘဝများစွာ သံသရာတွင် ပါရမီအမျိုးမျိုးဖြည့်ကျင့်ပြီးနောက် တုသိတာနတ်ပြည်မှ စုတေကာ မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့၌ မယ်တော်မာယာ ဝမ်းကြာတိုက်၌ ပဋိသန္ဓေနေပြီး သိဒ္ဓတ္ထမင်းသား ဖြစ်လာသည်။

ထိုနောက် သက်တော် ၂၉ နှစ်အရွယ်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူသဖြင့် မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနလံာနေ့၌ တောထွက်၍ ရဟန်းပြုတော်မူသည်။ သိဒ္ဓတ္ထမင်းသားသည် ဥရုဝေလတောာ နေရဉ္ဇရာမြစ်ကမ်းပါးအနီး ဗောဓိပင်ရင်း၌ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဣသိပတန မိဂဒါဗုန်တော၌ ပဉ္စဝဂ္ဂိငါးဦးတို့အား ဓမ္မစကြာတရားဦးကို ဟောတော်မူ၏။ ထိုနေ့သည် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ဖြစ်လေ၏။

သိဒ္ဓတ္ထမင်းသားဘုရားဖြစ်တော်မူပြီးနောက် ကပိလဝတ်ပြည် နိဂြောဓာရုံဥယျာဉ်ကျောင်းတော်သို့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် သာကီဝင် ဆွေတော်မျိုးတော်အကြီးအကဲတို့က ပင့်ဆောင်ကြွဆိုကြသည်။ ဆွေတော်မျိုးတော်တို့သည် မိမိတို့၏တူသားအရွယ် ငယ်သောဘုရားရှင်အား ဦးချကန်တော့ရန် ဝန်လေးနေကြ၏။ ထိုအခါ ဘုရားရှင်သည် ရေမီးအစုံစုံတန်ခိုးပြာဋိဟာတို့ကိုပြတော်မူ၍ သာကီဝင်ဆွေတော်မျိုးတော်တို့၏ မာနကို ပယ်ချတော်မူသည်။

ဝါဆိုလပြည့်နေ့၏ အနှစ်သာရမှာ ဓမ္မစကြာတရားဦးဖြစ်သည်။ ဓမ္မစကြာတရားမှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့ သိရှိပြီးဖြစ်မည်။ ထို့ကြောင့် တရား၏မြစ်ဖျားခံရာကိုသာ ဗဟုသုတအဖြစ် သိရှိမှတ်သားထိုက်သည်။ ဓမ္မစကြာဟုခေါ်တွင်သော ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောကြားတော်မူပြီးနောက် သဗ္ဗညုဘုရားဖြစ်ကြောင်း လောကဓာတ်တစ်ခုလုံးကို ရဲတုံ့စွာကြေညာခဲ့သည်။ သံသရာမှ ထွက်မြောက်ရာ ကျင့်စဉ်ဖြစ်သော သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားများ ဟောပြတော်မူခဲ့သည်။

လောကတွင် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးသည် ဆည်းကပ်ကိုးကွယ်ထိုက်ရာဖြစ်ပြီး လောကလူသားများ၏အကျိုးကို ဆောင်ကြဉ်းပေးသည်။ ဓမ္မစကြာတရား မဟောကြားမီက လောကတွင် ဘုရားရတနာ၊ တရားရတနာသာပေါ်သေးပြီး တရားပွဲအပြီးတွင် ပဉ္စဝဂ္ဂိငါးဦးသည် အရိယာဖြစ်လာပြီး ပထမဆုံးဇေတိဘိက္ခုအရိယာသာဝကကြီးများဖြစ်လာသည်။ ထို့ကြောင့် သံဃာရတနာအစ ဓမ္မစကြာက ဟု ဆိုနိုင်သည်။

မြတ်စွာဘုရားဟောကြားသော သစ္စာလေးပါးအမှန်တရားမှာ အချုပ်အားဖြင့် ဒုက္ခဆင်းရဲအပေါင်းပြွမ်းတီးနေသည့် ဘဝသံသရာမှ လွတ်မြောက်ရေးဖြစ်သည်။ ပါရာဇိကပါဠိတော်၌ မြတ်စွာဘုရားက "ကြက်ကျင်းတစ်ခု၌ နောက်ဆုံးဥသည့် ဥခွံမှ အလျင်ဇောက်ထွက်လာသကဲ့သို့ ငါသည်လည်း အဝိဇ္ဇာဥခွံမှ ရှေးဦးစွာလွတ်မြောက်၍ အလင်းသို့ရောက်ခဲ့သည်" ဟု မိန့်ကြားသကဲ့သို့ ကျွန်ုပ်တို့သည် ဤဝါဆိုလ၌ ဓမ္မစကြာဒေသနာကို ကြားနာပြီး ဉာဏ်အလင်းရောင်ရဖို့ လိုအပ်လုပါသည်။

ဝါဆိုလပြည့်နေ့သည် ထိုကဲ့သို့သော မွန်မြတ်သည့်ဂုဏ်အဂါများနှင့် ပြည့်စုံခြင်းတွင် သံဃာတည်းဟူသော ဂုဏ်သည် အထူးပြုထိုက်ပါသည်။ ရဟန်းတော်တို့ ဝါဆို-ဝါကပ်သောလဖြစ်၍ ဝါဆိုလဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ မိုးလေသည်းထန်သော ဝါဆိုကာလတွင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တို့ကိုအာရုံပြုပြီး ဝါဆိုတော်မူကြသော ရဟန်းတို့အား ဆည်းကပ်ပူဇော်ခြင်းဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်ရေး ရှာဖွေကြဖို့ဖြစ်ပါသည်။ ။

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

တိုင်းဒေသကြီးဝန်ကြီးခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၈/၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

တိုင်းဒေသကြီးဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်ကြည်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့်လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်နယ်ဝန်ကြီးခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၀/၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးထွန်းမင်းအောင်ကို မွန်ပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့်လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၉ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်လှမြင့်ကို မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်ကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှူး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ချင်းတွင်းမြစ်ရေစီးရိမ်ရေမှတ်၌ တည်ရှိနေ

နေပြည်တော် ဇူလိုင် ၁၅

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီးနောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

သွားဘက်ဆိုင်ရာ ဆေးပညာပဟေဠိပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ကျောင်းသား ကျောင်းသူများ အသိအမြင် ဗဟုသုတကြွယ်ဝစေရေးနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်သည့် အလေ့အထများ ထွန်းကားစေရန်ရည်ရွယ်လျက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် Colgate Palmolive Co., Ltd တို့ ပူးပေါင်း၍ ပထမအကြိမ် သွားဘက်ဆိုင်ရာဆေးပညာပဟေဠိပြိုင်ပွဲ (Smile Dental Quiz) ကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အဖွဲ့များအား ပါမောက္ခချုပ်နှင့် ဌာနမှူးများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဇူလိုင် ၁၅

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၅

ရန်ကုန်(ရွှေဈေး) ၁၁၃၉၀၀၀ - ၁၁၃၉၀၀၀ မန္တလေး(ရွှေဈေး) ၁၁၃၉၀၀၀ - ၁၁၃၉၀၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်		မန္တလေး	
(က) ဒီဇယ်	တစ်လီတာ	၈၉၀/၉၃၀	ကျပ်	၉၄၀/၉၅၅	ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၈၆၀/၉၁၀	ကျပ်	၉၆၀/၉၇၀	ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၈၀/၈၂၀	ကျပ်	၈၅၀/၈၇၀	ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၉၀၀/၉၄၀	ကျပ်	၉၅၅/၉၇၀	ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၈၇၀/၈၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၇၅/၇၈၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၅၁၀.၅
(ခ) ဥရောပ	တစ်ယူရို	=	၁၇၀၂.၅
(ဂ) တရုတ်	တစ်ယွမ်	=	၂၁၉.၇၀
(ဃ) ထိုင်း	တစ်ဘတ်	=	၄၈.၉၃၉
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၆၇.၄၇
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၂.၀၂၉
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၄၀၀.၀
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၈.၀၃
(စျ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၀၆၁.၆
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၁၃.၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1917
၁၉၃၇ခုနှစ် ဧပြီ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၂၅၊ ၀၆၇-၃၄၁၃၀၊ ဖက်စ် ၀၆၇-၃၄၁၃၃၀၊
ရန်ကုန်နှင့်ခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဒီဇိုင်/ဌေးရောင်း ၀၁-၂၉၁၈၃၃၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၇၄၂

အမှီသဟဲရှိမှ

တစ်ခုနားလည်ထားကြဖို့အချက်က ယခုခေတ် ကမ္ဘာကြီးအခြေအနေမှာ ဘယ်တိုင်းပြည်မဆို ကိုယ့်တိုင်းပြည် တစ်ပြည်တည်း အထီးတည်းနေနိုင်တဲ့အခြေမျိုးမရနိုင်ကြဘူး။ တစ်ပြည်နဲ့တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိမှ နေနိုင်ကြမယ်ဆိုတဲ့ အချက်ပါပဲ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ပင်လုံညီလာခံဂုဏ်ပြုညစာစားပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းမှကောက်နုတ်ချက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဇည့်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှဝန်ထမ်းများ တက်ရောက်ကြည်ညိုကြပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နေပြည်တော် ဇေယျာသီရိမြိုနယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာစံပရိယတ္တိစာသင်တိုက်ဆရာတော် ဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ငါးပါးသီလခံယူဆောက်တည်

အခမ်းအနားတွင် ဆရာတော်ထံမှ တက်ရောက်လာသော ဇည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်တို့က သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်ကိစ္စဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ လာမည့် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကာလအတွင်း မြန်မာနိုင်ငံကိစ္စ အစီရင်ခံစာများ တင်သွင်းဆွေးနွေးမည့်ကိစ္စ၊ နေပြည်တော်၌ ဖွင့်လှစ်ထားသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ အဆင်သင့်ရှိနေမှု၊ ယင်းကိစ္စနှင့်ပတ်သက်၍ ပြင်ဆင်ထားမှုအခြေအနေများ ရှင်းလင်းပြောကြားရန် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်

နိုင်ငံသို့ သွားရောက်မည့်ကိစ္စနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံသို့ လာရောက်၍ ဆွေးနွေးရန် ဖိတ်ကြားထားသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ဤနေ့

နှစ်ပေါင်းများစွာ ကြာပင်ကြာလည်း
ရင်မှာတမ်း၍ တင်ငွေ့ငွေ့လျှင်
မနေ့ကနှယ် ညှိုးရိပ်ခြယ်သည့်
ရင်ဝယ် ရှေတောင်ပြိုသောနေ့ . . . ။

တိုင်းပြည်အရေးရင်မအေးမို့
တွေးကြံပိုင်ခြား ပြုဖွယ်များသော်
မနားနေ့ညဆက်လုမ္ပထိ
လုံ့လစိုက်ကာစေတနာတို့
ပြည်ရွာအတွက် စဉ်ဦးရှက်ကာ
မတွက်ကိုယ်ရေးကြောင့်ကြဝေးသည့်
ကံမှေးမိုက်မှောင်ကျသောနေ့...။

ဤနေ့သည်ကား မြန်မာများ၏
သည်းကြားစိမ့်ကျဉ် မတွေးချင်အောင်
နာကျင်ခံခက် မျက်ရည်စက်တို့
ခုထက်တိုင်ပင် မခန်းအင်သို့
မြင်ယောင်ဝမ်းနည်း ဖြစ်နေဆဲတည့်။

ဤနေ့သည်ကားနယ်ချဲ့များနှင့်
လက်ပါးစေလောက် သစ္စာဖောက်တို့
ကောက်ကျစ်သမျှ အောင်ပွဲရလည်း
မြန်မာ့နှလုံး ကြိမ်မီးအုံးသို့
မဆုံးမြိုက်လောင် မငြိမ်းအောင်လျှင်
မြင်ယောင်ကြေကွဲ ဖြစ်နေဆဲတည့်။

အို...
နှစ်ပေါင်းများစွာ ကြာပင်ကြာလည်း
ရင်မှာတမ်း၍ တင်ငွေ့ငွေ့လျှင်
မမေ့ရုံမျှ ဘယ်မကဘဲ
မြန်မာ့ချုပ်ခြာခွင်အာဏာတို့
ကမ္ဘာဆုံးတိုင် မြန်မာပိုင်လျက်
နိုင်ငံဖွံ့ဖြိုးစည်ပင်တိုးအောင်
ကြိုးပမ်းရှက်ဆောင်ကြဦးစို့။ ။

မောင်စိမ်းနောင်(လယ်ဝေး)

လွှတ်တော်ရေးရာ

✪ ဒုတိယအကြိမ်မှ

ဥပဒေကြမ်းတွင်ပါရှိသည့် စီမံကိန်းလုပ်ငန်းများ၊ ရင်ငွေသုံးငွေများနှင့်စပ်လျဉ်းပြီး စိစစ်ကြမည့် ပူးပေါင်းအဖွဲ့များအနေဖြင့်လည်း သတ်မှတ်ပြဋ္ဌာန်းထားသည့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာမူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ပုံမှန်အစည်းအဝေးသတ်မှတ်ကာလအတွင်း ဘဏ္ဍာရေးနှစ်သစ်အတွက် အချိန်မီ ဆွေးနွေးအတည်ပြုပေးရန် လိုအပ်သလို မျှတမှုနှင့်ကန့်စွာ စိစစ်ရန်လည်း လိုအပ်ပါကြောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များ အနေဖြင့် သတ်မှတ်ရက်အမီ အစီရင်ခံစာတင်သွင်းနိုင်ရေး အလေးထားဆောင်ရွက်ပေးကြရန် ဖြစ်ပါကြောင်း။

ထိုပြင် ဆောင်ရွက်ဆဲဖြစ်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်လုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ လွှတ်တော်အသီးသီးတွင်ရှိနေသည့် ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းအပါအဝင် အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများလည်း ဦးစားပေးအလိုက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသည့် မြိုနယ်ပေါင်း ၃၂၅ မြိုနယ်အနက် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ လုပ်ငန်းပြောင်းလဲဆောင်ရွက်ခွင့်ပြုရန် တင်ပြလာသည့် မြိုနယ် ၁၁၄ မြိုနယ်အတွက် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့အထိ ၁၅ မြိုနယ်သည် လုပ်ငန်းများအားလုံး ပြီးစီးကြောင်း အစီရင်ခံစာများတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြိုနယ်များအနေဖြင့်လည်း ခွင့်ပြုဘဏ္ဍာနှစ်အတွင်း စနစ်တကျနှင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြစေလိုပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိပါကလည်း ပိုလျှံရန်ပုံငွေများကို သက်ဆိုင်ရာဌာနသို့ အချိန်မီပြန်လည်အပ်နှံကြရန် မှာကြားလိုပါကြောင်း။

ယခုတစ်ကြိမ်ကျင်းပသည့် ပုံမှန်အစည်းအဝေးကာလ ၁၀ ပတ်ခန့် ကြာမြင့်မည်ဖြစ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပိုမိုများပြားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် အချိန်ကိုတန်ဖိုးထားပြီး အကျိုးရှိရှိ အသုံးပြုစီမံဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရာသီဥတုနှင့် ပတ်ဝန်းကျင်အပြောင်းအလဲကာလတွင် ကိုယ်စားလှယ်များ တစ်ဦးချင်းအနေဖြင့် ကျန်းမာရေးကို အထူးဂရုပြုနေထိုင်သွားကြရန် ပြောကြားလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ အကျိုးစီးပွားအတွက် ဥပဒေပြုရေးကဏ္ဍ တာဝန်များ ထမ်းဆောင်ကြရာတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများတွင် ပါဝင်စွက်ဖက်သည့် လုပ်ဆောင်မှုမျိုး မဖြစ်စေရန် လိုအပ်ပါကြောင်း။

မိမိတို့ တစ်ဦးချင်းစီက ဥပဒေပြုရေးကဏ္ဍ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ပိုင်းခြားနားလည်ပြီး အခြားကဏ္ဍများအပေါ် အပြန်အလှန်ထိန်းကျောင်းရင်း ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ပြည်ပခရီးစဉ်များ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာ

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကကနိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သွားရောက်ခဲ့သည့် ပြည်ပခရီးစဉ်များ၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များကိုတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကကနိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးဘိုတိုဝေမောင် (ခ)စောဘိုဘို၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးမိုးကျော်သူ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဖေ၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးကျော်မင်း (ခ) ဦးဖိုးမင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါ်မိုးမိုးစုကြည်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးမြင့်အောင်၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးမင်းကိုခိုင်၊ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးထွန်းထွန်းဦးတို့အား ခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကို လွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဥာဏစိုးက ကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်ပြ

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဥာဏစိုးက ကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယကက အစီရင်ခံစာပါ အကြောင်းအရာ၊ နောက်ဆက်တွဲဇယားပါ အကြံပြုချက်များနှင့် သက်ဆိုင်သည့် သုံးသပ်အကြံပြုချက်ကို ဆွေးနွေးသည့်အခါ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သုံးသပ်ချက်အပေါ်သတိမူ၍ ဆွေးနွေးကြရန်နှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်ပြရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ကုန်တွင်ရှိမည့် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်စျေးနှုန်းများအရ ငွေကျပ် ၁၁၉၀၂၃ ဒသမ ၄ ဘီလီယံ ခန့်မှန်းထားရှိပါကြောင်း။

နှစ်အလိုက်တန်ဖိုးအရ တစ်ဦးကျထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ငွေကျပ် ၂၁၈၀၇၅၅ ရရှိရန် မျှော်မှန်းထားပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တစ်ဦးကျ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ငွေကျပ် ၁၉၄၉၇၃၀ ခန့်မှန်းခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၇၂၉၃၁၇ ရရှိခဲ့ပါကြောင်း၊ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံပိုင်အခန်းကဏ္ဍက ငွေကျပ် ၁၀၁၅၄ ဒသမ ၉ ဘီလီယံ၊ ပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံတင်ပို့ရန်နှင့် သွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံ တင်သွင်းရန်၊ စုစုပေါင်းပြည်ပကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ရရှိရန် ရည်မှန်းထားပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ပြင်ဆင်ရေးပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဥာဏစိုး

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်

ဆက်လက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍တင်ပြ

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍တင်ပြရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် စျေးနှုန်းအရ ကျပ် ၁၀၆ ဒသမ ၀၉၆ ထရီလီယံနှင့် ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ရာ ပထမ (၆)လပတ်တွင် ကျပ် ၆၇ ဒသမ ၁၈၆ ထရီလီယံရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၃ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ပုံမှန်စျေးနှုန်းအရ ၆ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး နှစ်ကုန်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)ကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၁၁၉ ဒသမ ၀၂၃ ထရီလီယံ ရရှိရန်ခန့်မှန်းထားပါကြောင်း၊ ဂျီဒီပီတိုးတက်မှု နှုန်းကို ၇ ရာခိုင်နှုန်းရရှိနိုင်မည်ဟု မျှော်မှန်းထားပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်ခွဲဝေချထားမှုကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများ အနက် လျှပ်စစ်နှင့် စွမ်းအင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ လမ်း၊ တံတားကဏ္ဍများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဦးစားပေးလျာထားခဲ့ပါကြောင်း၊ ၂၀၁၉-၂၀၂၀ အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းရေးဆွဲရာတွင် ယခင်နှစ်များကဲ့သို့ နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကို အခြေခံ၍ ရေးဆွဲထားပါကြောင်း။

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုဘဏ္ဍာငွေစာရင်း အခြားစာရင်းရှင် Union Foud Account-Other Account (UFA-OA) နှင့် Union Foud Account-SEE Account(UFA-SEE) ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခဲ့သော အဖွဲ့အစည်း ၂၀ ၏ ငွေကြေးစီမံခန့်ခွဲမှု အစီအစဉ်အားလုံးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (UFA-SEE) Account တစ်ခုတည်းဖြင့်သာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် Action Plan များ ချမှတ်ထားပြီး အစိုးရပိုင်အဖြစ် ဆက်လက်ထားရှိခြင်း၊ ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲခြင်း၊ အများပိုင်အဖြစ်ပြောင်းလဲခြင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံပြောင်းလဲခြင်း စသည့် ဆောင်ရွက်မှုများကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပေးပို့တင်ပြထားသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယနေ့ လွှတ်တော်သို့တင်သွင်းခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့တွင်ပါရှိသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအလိုက် စီမံကိန်းလုပ်ငန်းများနှင့် ရင်ငွေသုံးငွေများကို စိစစ်နိုင်ရန်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့ ၂၀ ကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း၊ စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် အဖွဲ့လိုက်စိစစ်သည့်အခါတွင် အထောက်အကူပြုစေရန် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများအလိုက် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၊ ရင်ငွေသုံးငွေများ ရှင်းလင်းတင်ပြခြင်း အစီအစဉ်ကို ဇူလိုင် ၁၇ ရက်နှင့် ၂၂ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် အဖွဲ့လိုက်စိစစ်တွေ့ရှိမှုကို သတ်မှတ်ရက်အမီ ပေးပို့နိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့က တင်ပြပါ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့အတွက် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေနှင့်အညီ လွှတ်တော်သို့ တင်သွင်းနိုင်ရေး ဆောင်ရွက်ရန် ကြိုတင်အသိပေးအပ်ပါကြောင်း ပြောကြားသည်။

မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာ ဖတ်ကြားတင်ပြ

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကိုလည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော ၂၀၁၇ ခုနှစ် မြေသိမ်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

အထက်ပါ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

သတင်းစဉ်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ခြင်း၊ လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ ဖွဲ့စည်းရန် လွှတ်တော်သို့တင်ပြခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆို (၁) ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ၁ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင် ဆွေးနွေးကြရမည့် ဥပဒေကြမ်း (၁၄)ခု ရှိ

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှေ့မှောက်၌ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄) ဦးက ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့စတင်ကျင်းပသည့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင် ဆွေးနွေးကြရမည့် ဥပဒေကြမ်း (၁၄)ခု ရှိပါကြောင်း၊ အဆိုများအနေဖြင့် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင် တင်သွင်းခဲ့ပြီး ဆွေးနွေးရန်ကျန်ရှိအဆို (၃)ခုနှင့် ယခုအသင့်ဖြစ်အဆို (၁၂) ခုရှိသည့်အတွက် ဆွေးနွေးရန် အဆို စုစုပေါင်း (၁၅)ခုရှိပါကြောင်း၊ အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း (၁၀၉)ခု ရှိပါကြောင်း၊ ယခင်အကြိမ်များက ကျန်ရှိခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း (၂၂၀)ခုရှိသည့်အနက် မေးခွန်း (၁၁၅)ခုကို ယခုအစည်းအဝေးကာလအတွင်း ဆက်လက်ဆောင်ရွက်ရန် လျာထားပြီး မေးခွန်း ၁၀၅ ခုကို စာဖြင့် ဖြေကြားထားပြီး ဖြစ်ပါကြောင်း။

လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးတာဝန် (Legislation) ပင်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူများအတွက် ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပေးကြရမည် ဖြစ်ပါကြောင်း၊ ဒုတိယတာဝန်ဖြစ်သည့် စောင့်ကြည့်ထိန်းညှိခြင်း (Oversight) တာဝန်ကိုလည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်သည့်ပုံစံမျိုး မဖြစ်စေရန် အထူးသတိပြုကြရမည် ဖြစ်ပါကြောင်း၊ တတိယတာဝန်ဖြစ်သည့် ကိုယ်စားပြုခြင်း (Representation) တာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပြီး သက်ဆိုင်ရာမဲဆန္ဒနယ်အတွက် သာမက ပြည်သူလူထု တစ်ရပ်လုံး အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်နိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်စေရန် တိုက်တွန်းအပ်ပါကြောင်း။

ယနေ့ နိုင်ငံတကာအခြေအနေကို လေ့လာအကဲခတ်ကြည့်မည်ဆိုပါကလည်း နိုင်ငံရေးရည်မှန်းချက်အပြောင်းအလဲများနှင့်အတူ မူဝါဒအပြောင်းအလဲများကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ အမြဲတမ်းရန်သူ၊ အမြဲတမ်းမိတ်ဆွေ ဆိုတာမရှိ၊ ကိုယ်ကျိုးစီးပွားသာရှိသည်ဆိုသည့် စကားအတိုင်း မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို အဓိကထား ဦးစားပေးဆောင်ရွက်ကြသည်ကို တွေ့ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ကမ္ဘာ့ရေစီးကြောင်းတွင် လိုက်ပါပြောင်းလဲတိုးတက်နိုင်သည့် နိုင်ငံအဖြစ် ဖန်တီးပုံဖော်သွားကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါ အဓိကကြံ့တွေ့နေရသည့် အခက်အခဲမှာ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်ပင် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် အရေးအကြီးဆုံးမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ ဒီမိုကရေစီအခြေခံသည့် ဖက်ဒရယ်မူများရရှိရန် မိမိတို့အားလုံး ဝိုင်းဝန်းပံ့ပိုးပေးကြရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှသာ မိမိတို့၏ နောင်လာနောက်သား မျိုးဆက်များကို ကောင်းမွန်သည့်အမွေထားခဲ့ပေးနိုင်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်တွင်း ငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် ပြည်သူများနှင့်အတူ ကျေရာအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ကြောင်း တိုက်တွန်းပြောကြားရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါကြောင်း ပြောကြားသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်တို့ကို အသိပေးတင်ပြ

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ၎င်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ထိုင်းနိုင်ငံ(၃၄) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး ကာလအတွင်း ကျင်းပသည့် ASEAN-AIPA Interface အစည်းအဝေးသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ခေါင်းဆောင်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှဆန်းပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဆွစ်ဇာလန်နိုင်ငံ (၁၀၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံသို့သွားရောက်ခဲ့သည့် ခရီးစဉ်၊ နတ်တလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ စင်ကာပူယမ္မတနိုင်ငံ "RSIS- WTO Parliamentarian Workshop on International Trade 2019" သို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးလှမိုး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ 7th China-South and Southeast Asia Think Tank Forum သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ ပါးခယ်မမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ မလေးရှားနိုင်ငံ 10th AIPA Causus Meeting သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ မြောင်းမြမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးစိုးမိုးသူ၏ အီတလီနိုင်ငံ Statelessness Course နိုင်ငံမဲ့ဖြစ်မှုဆိုင်ရာသင်တန်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်၏ ဗီယက်နမ်နိုင်ငံ 14th Southeast and Northeast Asia Seminar on International Humanitarian Law(IHL)သို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅ ဦးပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်တို့ကို အသိပေးတင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါအကြံပေးအဖွဲ့ကို အဖွဲ့ဝင် (၃) ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေအား အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါ်အေးအေးမူနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) လက်ထောက်ဌာနေကိုယ်စားလှယ် (ငြိမ်း) ဦးတင်အောင်ချိတို့အား အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် ဒက္ခိဏာသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **ဒက္ခိဏာသီရိမြို့နယ်ရှိ ဒေသခံတောင်သူများ၏ အမှန်တကယ် စိုက်ပျိုးထားရှိသည့် လယ်မြေများကို တရားဝင် စိုက်ပျိုးခွင့် အမြန်ရရှိရေး မည်သို့ဆောင်ရွက်ထားသည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၃ ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းများအရ အိမ်ခြေ ၅၀နှင့်အထက် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ ၄၉ ရွာ၏ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေ စုစုပေါင်း ဧရိယာ ၆၈၃၈ ဒသမ ၄၉ ဧက ကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်းနှင့် ၂၀၁၃ ခုနှစ်တွင် စာရင်းကောက်ယူရန် ကျန်ရှိခဲ့သည့် အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက်နှင့် အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးအမည်ပေါက်၊ မပေါက်ကျေးရွာများ၊ ပြန့်ကျဲအိမ်ထောင်စုနှင့် ပြင်ပကျူးကျော်များအတွက် သစ်တောမြေအဖြစ်မှ ပယ်ဖျက်နိုင်ရန် နေပြည်တော်ကောင်စီက သဘောတူပါက တောင်သူများ အမှန်တကယ် စိုက်ပျိုးနေသည့်လယ်မြေများသည် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ရာတွင် ပါဝင်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ **ကောလင်းမြို့၊ လာကာကြီးပိုင်းအတွင်း ရှာဖွေတွေ့ရှိထားသော ရွှေထွက်ရာနေရာအား အသေးစား၊ အလတ်စား သို့မဟုတ် အကြီးစားပေးမည်ကို ပွင့်လင်းမြင်သာစွာ ကြေညာ၍ လေလံပစ်သည့်စနစ်ဖြင့် မျှတသော ယှဉ်ပြိုင်ခွင့်ပေးရန် စီစဉ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်ရရှိထားသူများအား နိုင်ငံတော်မှ ထိုက်သင့်သည့် ချေးငွေထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၏ **ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်းအား စီမံကိန်းမျှော်မှန်းကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ၊ လက်ရှိစီမံကိန်းဆောင်ရွက်မှုအခြေအနေ မည်သည့်အဆင့်ရောက်ရှိနေကြောင်းနှင့် စီမံကိန်းတံတားကို မည်သည့်ဒီဇိုင်းဖြင့် တည်ဆောက်နေသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)သည် သန်လျင်မြို့နယ်နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် Landmark တံတားဖြစ်သည့်အတွက် တံတားပုံစံ လှပစေရန်နှင့် တံတားအဝင်၊ အထွက်လမ်းကြောင်းများ လှပပြီး အဆင်ပြေစေရန်တို့ကိုပါ ထည့်သွင်းညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း။

တံတား၏အရှည်မှာ ၃၅၀၀ မီတာရှိပြီး ပင်မတံတားကို Cable Stayed Bridge နှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တံတားအဆင်းချဉ်းကပ်လမ်းသည် ရှုခင်းသာလမ်းမကြီးနှင့် ရတနာလမ်းမကြီးတို့ကို ဖြတ်ကျော်၍ သာကေတအပိုင်းအနီးတွင် သွားဆုံမည်ဖြစ်ပါကြောင်း၊ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရာ၌ ချဉ်းကပ်တံတားအပိုင်းနှင့် ပင်မတံတားအပိုင်းဟူ၍ နှစ်ပိုင်းခွဲပြီး တင်ဒါခေါ်ယူခဲ့ရာ သန်လျင်ဘက်ကမ်း ချဉ်းကပ်တံတားနှင့် ပင်မတံတားအပိုင်းကို Sumitomo Mitsui Construction Co.,Ltd. နှင့် Yokogawa Bridge Corporation တို့က တင်ဒါအောင်မြင်ခဲ့ပြီး သာကေတချဉ်းကပ်တံတားအပိုင်းကို Tokyu Construction Co.,Ltd. က တင်ဒါအောင်မြင်ခဲ့ပါကြောင်း။

စာမျက်နှာ ၇ သို့ ■

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကတိသစ္စာပြုခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ဆောက်လုပ်ရေးကဏ္ဍာဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်း (၅)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေဟု ဆုမွန်းကောင်း တောင်းအပ်ပါကြောင်း။

လွှတ်တော် အစည်းအဝေးများရပ်နားထားစဉ် ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများ၏ လိုအပ်ချက်နှင့်အခက်အခဲများ သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယခု (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ အတွင်းတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်းကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

လမ်းတံတားများ ဆောက်လုပ်ပေးရေးနှင့် အဆင့်မြှင့်တင်ပေးရေးဆိုင်ရာ မေးခွန်းများ ရှင်းလင်းဖြေကြား

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ၅ဦး၏ မေးမြန်းသည့် လမ်းတံတားများ ဆောက်လုပ်ပေးရေးနှင့် အဆင့်မြှင့်တင်ပေးရေးဆိုင်ရာ မေးခွန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် အရာတော်မြို့နယ်ရှိ မကျီးသုံးပင်-မလဲသာ-မင်းကျေးရွာလမ်းသည် လမ်းအရှည် ၁၆ မိုင်နှင့် အကျယ်ပေ ၆၀ ရှိ မြေသားလမ်းဖြစ်ပြီး ကတ္တရာလမ်းအဖြစ် မည်သည့် ဘတ်ဂျက်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မကျီးသုံးပင်-မလဲသာ-မင်းကျေးရွာ ကျေးလက်လမ်း အရှည် ၁၆ မိုင်၏ လက်ရှိအခြေအနေမှာ လှည်းလမ်းအဆင့်သာရှိပါကြောင်း၊ မြေသားလမ်း ၁၀ မိုင်သည် ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားခြင်းဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဂျင်းခင်းခြင်း ၅ဒသမ ၇၃ ဖာလုံနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားနှင့် ဂျင်းခင်းခြင်း လုပ်ငန်း ၂ မိုင် သုည ဒသမ ၁၁ ဖာလုံကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေတွင် အကျယ် ၁၆ ပေ၊ အမြင့် ၆ လက်မရှိ ကျောက်ချောလမ်း ၁ မိုင် ၂ ဒသမ ၄ ဖာလုံနှင့် အကျယ် ၁၈ ပေ၊ အမြင့် ၈ လက်မရှိ ကျောက်ချောလမ်း ၆ ဒသမ ၃ ဖာလုံတို့ကို ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ **ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ် နောင်ဘုရင်ကျေးရွာမှ နန့်ပိုလိမ် ကျေးရွာအထိ ဆက်သွယ်သည့်(၁၆/၀)မိုင်နှင့် ၎င်းလမ်းပေါ်တွင် ဆောက်လုပ်ရန် လိုအပ်သည့် တံတား ၆ စင်းနှင့် ၅ ပေ Box Culvert ၃၃ စင်းကို တစ်ပါတည်း ဆောက်လုပ်ပေးရန်နှင့် ကုန်းဆွတ်ကျေးရွာအုပ်စု၊ မတ်ကောက်(နောက်)မှ နောင်လိပ်-ကွန်မွန်း-ဖာလိုင်-ပန်းကန်-နန့်ပိုလိမ်ထိ လမ်းပိုင်း (၆/၀) မိုင်အား လာမည့် ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆီဆိုင်မြို့နယ် နောင်ဘုရင်ကျေးရွာမှ နန့်ပိုလိမ် ကျေးရွာအထိ ဆက်သွယ်ထားသည့် လမ်းအရှည် ၁၆ မိုင်နှင့် ၎င်းလမ်းပေါ်ရှိ ဆောက်လုပ်ရန်လိုအပ်သည့် တံတား ၆ စင်းနှင့် ၅ ပေ Box Culvert ၃၃ စင်းတို့မှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲသော လမ်းဇရိယာအတွင်း ပါဝင်နေသည့် လမ်းပိုင်းဖြစ်ပါကြောင်း။

ဆီဆိုင်မြို့နယ် နောင်လိပ်-နန့်ပိုလိမ်လမ်းနှင့် ဆက်သွယ်သည့် မတ်ကောက်(နောက်) ကုန်းဆွတ်ကြိုးတံတား အထိ လမ်းအရှည် ၁ မိုင် ၆ ဖာလုံမှာ ကျေးလက်လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးသဖြင့် ကျေးလက်လမ်းအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရရုံးသို့ တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဆီဆိုင်မြို့နယ် လားဇရှားလမ်းခွဲမှ နောင်လိပ်-ကွန်မွန်း-ဖာလိုင်-ပန်းကန်-နန့်ပိုလိမ် အထိ အရှည် ၄ မိုင် ၂ ဖာလုံသည် Class(B) ဦးစားပေးအဆင့် ၁ တွင် ပါဝင်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ ဆက်သွယ်ထားသည့် ဘွိုင်နုမြစ်ကူးတံတားအား အိန္ဒိယအစိုးရမှ တည်ဆောက်ပေးနိုင်ခြင်း ရှိ မရှိနှင့် မရှိပါက မြန်မာနိုင်ငံ ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဘက်မှ တည်ဆောက်လိုသည့် အဆိုပြုတံတားပုံစံကို မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယသံရုံးသို့ ပေးပို့ထားပြီး ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ဟားခါး-ထန်တလန်-ဆာဆီချောက် လမ်းပေါ်ရှိ ဘွိုင်နုမြစ်ကူးတံတားသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နယ်စပ်ရှိ ချောင်းပေါ်၌ တည်ဆောက်ရမည့် တံတားဖြစ်သည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ညှိနှိုင်း ဆောင်ရွက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ၏ **ကယားပြည်နယ်၏ ပြည်ထောင်စုလမ်းမကြီးဖြစ်သော လွိုင်ကော်-မယ်စဲ့ ကားလမ်းမကြီးမှ လွိုင်ကော်-ဒီးမော့ဆို-ဖရူဆိုမြို့အထိ မိုင် ၂၀ လမ်းပိုင်းအား (၄)လမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တောင်ငူ-လိပ်သို-ယာဒိ-လွိုင်ကော်လမ်း (လွိုင်ကော်-ဒီးမော့ဆို အပိုင်း) မိုင်တိုင်အမှတ်(၁၂၀/၃)မှ (၁၂၈/၇) အထိ ၇ မိုင် ၄ ဖာလုံအား ၁၈ ပေမှ ၂၄ ပေအကျယ်ချဲ့ခြင်း ဆောင်ရွက်နိုင်ရန် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီး ရန်ပုံငွေခွဲဝေရရှိသည့် လုပ်ငန်းများ ဆောင်ရွက်ပြီးပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကုန်တွင် လွိုင်ကော်-ဒီးမော့ဆို-ဖရူဆိုအထိ ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း ၂ မိုင် ၇ ဒသမ ၇ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၈ မိုင် ၂ ဖာလုံ၊ ၁၈ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း ၆ ဒသမ ၈ ဖာလုံနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်း ၈ မိုင် ၃ ဒသမ ၅ ဖာလုံ၊ စုစုပေါင်း မိုင် ၂၀ နှင့် ၄ ဖာလုံ ရှိလာမည်ဖြစ်ပါကြောင်း။

ကယားပြည်နယ်၏ ပြည်ထောင်စုလမ်းမကြီးဖြစ်သော လွိုင်ကော်-မယ်စဲ့ ကားလမ်းမကြီးမှ လွိုင်ကော်-ဒီးမော့ဆို-ဖရူဆိုမြို့အထိ ၂၀ မိုင် ၄ ဖာလုံလမ်းပိုင်းတွင် တစ်နေ့ပျမ်းမျှ ယာဉ်စီးရေ ၂၃၀ ခန့်သာ ဖြတ်သန်းသွားလာနေပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ယာဉ်သွားလမ်းအကျယ်သတ်မှတ်ချက်မှာ တစ်နေ့ ပျမ်းမျှယာဉ်စီးရေ ၂၀၀၁ မှ ၅၀၀၀ ကြား ဖြတ်သန်းသွားလာခြင်းရှိမှသာ ၄၈ ပေ အကျယ် ၄ လမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သောကြောင့် အဆိုပါ လမ်းပိုင်းအား ၄ လမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင် ပန်ဝိုင်မြို့ ယောင်ခိုက်ရွာမကျေးရွာနှင့် ဂုန်းပလုတ်ကျေးရွာကြားရှိ နမ့်မားချောင်းပေါ်တွင် ကုန်ထုတ်တံတားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နမ့်မားချောင်းတံတားသည် ပန်ဝိုင်မြို့မှ ယောင်ခိုက်ကျေးရွာ ဂုန်းပလုတ်ကျေးရွာနှင့်ဝလင်းကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်သော လမ်းပေါ်တွင် တည်ရှိပြီး ၎င်းလမ်းမှာ ပြည်သူလူထုမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားသည့် မြို့နှင့် ကျေးရွာချင်း ဆက်သွယ်ထားသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းမှာ ကျေးလက်လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိပါကြောင်း။

နမ့်မားချောင်းပေါ်တွင် ကုန်ထုတ်တံတား ဆောက်လုပ်ပေးနိုင်ရေးအတွက် ပန်ဝိုင်မြို့နယ် ယောင်ခိုက်ရွာမနှင့် ဂုန်းပလုတ် ကျေးရွာချင်းဆက်လမ်းအား ကျေးလက်လမ်းအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်က ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိသင့်သည့် ဥပဒေ၏ခေါင်းစဉ်၊ အမည်၊ အဓိပ္ပာယ်ဖော်ပြချက်နှင့် အပိုဒ်၊ အပိုဒ်ခွဲများကို လည်းကောင်း၊ မူလအဆိုပြုပြဋ္ဌာန်းချက်တွင် ပါဝင်သည့်အတိုင်းထားရှိသင့်သည့် အပိုဒ်ခွဲများကိုလည်းကောင်း၊ ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၏ ဆွေးနွေးချက်ကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ကျော်သူထက်(သတင်းစဉ်)

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။

သဘာဝဘေးဒဏ်မှ ကာကွယ်ဖို့ သစ်တောများကို ထိန်းသိမ်းစို့

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် လတ်တလောဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုများတွင် တပ်မတော်သားများမှ အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးများ ဆောင်ရွက်ပေးနေမှုအခြေအနေ၊ AA အဖွဲ့က ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ဆောင်ရွက်နေမှုအခြေအနေများ၊ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေ၊ တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမရှိစေရေး CTFMR နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ဥပဒေနှင့်အညီ ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ သွားလာနိုင်ရေးခွင့်ပြုထားမှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီနှင့် သက်ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ လုပ်ငန်းစီမံချက်(မူကြမ်း)အပေါ် ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၅

ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီနှင့် သက်ဆိုင်ရာကုလသမဂ္ဂ အဖွဲ့အစည်းများမှ တာဝန်ရှိသူတို့က လုပ်ငန်းစီမံချက်(မူကြမ်း)အပေါ် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများကို အကောင်အထည်ဖော်၍ လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Pramila Patten တို့က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အမျိုးသားအဆင့် လုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် ငါးရပ်ဖြစ်သော ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ပါ ဆောင်ရွက်ရမည့်ကဏ္ဍများအနက် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများကို သတ်မှတ်၍ အရှိန်အဟုန်တိုးမြှင့်အကောင်အထည်ဖော်ရန်၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်တစ်ရပ်ကို ပြည်တွင်း၌ ညှိနှိုင်းရေးဆွဲရန်၊ လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ကုလသမဂ္ဂနှင့် ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂရုံး၏ အထူးကိုယ်စားလှယ်ရုံးတို့မှ နည်းပညာနှင့်အကြံဉာဏ်များ ရယူနိုင်ရေး ဆောင်ရွက်ရန်၊ ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုရလဒ်များကို စုစည်းပြုစု၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာသို့ အသိပေးဆောင်ရွက်ရန်နှင့် အမျိုးသမီးများအား လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်းပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ သတင်းမီဒီယာများမှတစ်ဆင့် လူထုအား အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်(မူကြမ်း)နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကော်မတီဝင်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ သဘောထားမှတ်ချက်များနှင့် အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကော်မတီအဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ ဖြစ်သော UNFPA နှင့် UN Women တို့မှတာဝန်ရှိသူများက သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်အရ ပြင်ဆင်ထားသည့် လုပ်ငန်းစီမံချက်(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက အကြံပြုချက်များကို မှတ်တမ်းတင်ထားရှိပြီး ဆွေးနွေးချက်များအရ သဘောတူညီခဲ့ကြသော ပြန်လည်ပြင်ဆင်ချက်များကို သတ်မှတ်ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် ညှိနှိုင်းဆွေးနွေးသည်။

သတင်းစဉ်

■ **စာမျက်နှာ ၅ မှ**

ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) ကို Cable Stayed Bridge၊ Steel Box Girder + PC Box Girder Bridge နှင့် Flyover Bridge ပုံစံတို့ဖြင့် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်ပြီး ၂၀၂၂ ခုနှစ်အတွင်း ပြီးစီးအောင် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ တံတားလုပ်ငန်းများ စတင်နေပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တံတား (၁၂)စင်းတို့အား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်

ဆက်လက်၍ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၏ **ကသာ-ရွှေကူ-ဝန်းမော်လမ်း (ပုလွေရွှေလမ်း) အား ကျေးက်သားများ လိုအပ်သလို ပြန်လည်ဖြည့်စွက်ပြုပြင်မွမ်းမံခြင်း၊ ကတ္တရာစေးခင်းခြင်းတို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်မှ ချမှတ်ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်း၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၏ **ဝန်းသို-မဲဇာလမ်းပေါ်ရှိ ကတ္တရာလမ်းခင်းရန် ကျန်ရှိနေသေးသည့်အပိုင်းအား ကတ္တရာခင်းပေးခြင်းနှင့် ၎င်းလမ်းပေါ်ရှိ တံတား (၁၂)စင်းတို့အား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်း၊ သံကူကွန်ကရစ်ကြမ်းခင်းတည်ဆောက်ခြင်း၊ Box Culvert** များ **တည်ဆောက်ခြင်းတို့အား မည်သည့်ဘဏ္ဍာနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်ပေးမည်ကိုသိလိုခြင်း** မေးခွန်းနှင့် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **ပုသိမ်-မုံရွာလမ်းမကြီး၏ မိုင်တိုင်အမှတ် ၂၀၅ နှင့် ၂၀၆ အကြား လမ်းအလိမ်အကွေ့အဆင်းမှာ အန္တရာယ်ကွေ့ဖြစ်နေသည့်အတွက် ယာဉ်များ အဆင်ပြေပြေသွားလာနိုင်ရေးနှင့် အန္တရာယ်လျော့နည်းစေရေး အတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းက **သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုကြောင့် ၂၀၁၉ ခုနှစ် နွေရာသီတွင် ထူးခြားစွာ ဖြစ်ပေါ်ခဲ့သော ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်တက်လာမှု ဖြစ်စဉ်များကို သုံးသပ်ပြီး အနာဂတ်နိုင်ငံတော်နှင့် နောင်မျိုးဆက်များအပေါ် ကောင်းမွန်သော ပတ်ဝန်းကျင်နှင့် အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့အတွက် သဘာဝပတ်ဝန်းကျင်အား ဆိုးရွားစွာထိခိုက်ပျက်စီးနိုင်သော အခြေအနေများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးကာကွယ်ပြီး ပြန်လည်ထူထောင်အားဖြည့်ခြင်းလုပ်ငန်းများအား စနစ်တကျ အရှိန်မြှင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် လူနှင့် သတ္တဝါတို့၏ အကျိုးစီးပွားကို ဘက်ပေါင်းစုံမှ ထိထိရောက်ရောက် ကာကွယ်ပေးနိုင်သည့် သဘာဝဒီရေတောများကို ပြုစုပျိုးထောင်ရန် လိုအပ်သကဲ့သို့ မပြန်းတီးစေရန်လည်း ကာကွယ်ပေးရမည်ဖြစ်ပါကြောင်း၊ သစ်တောဆုံးရှုံးမှုများကို ဥပဒေနှင့်အညီ ကာကွယ်နိုင်ရန်အတွက် သစ်တောဝန်ထမ်းများ လက်နက်ကိုင်ဆောင်ခွင့်မရှိသည့်အပေါ် အသက်အန္တရာယ်ထိခိုက်နိုင်သည့် အခြေအနေမျိုးကိုလည်း တာဝန်ရှိသူများ ပြန်လည်စဉ်းစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားနည်းနေသည့် ဝန်ထမ်းလိုအပ်ချက် ဖြည့်ဆည်းပြီး စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

စဉ်းစားတွေးခေါ်မှုကိုအခြေခံပြီး လူနှင့် လူပတ်ဝန်းကျင် သဟဇာတဖြစ်စွာ ယှဉ်တွဲရပ်တည်နိုင်ရန်အတွက် ဆောင်ရွက်

စွမ်းအင်မြင့်မီးဖို ဖြန့်ဖြူးပေးနိုင်ရေးကိုလည်း နိုင်ငံတော်ဘတ်ဂျက်တွင် အတိုင်းအတာတစ်ခုအထိ နှစ်အလိုက် ထည့်သွင်းလျာထားဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် ထိခိုက်ဘေးအန္တရာယ်ဖြစ်စေပြီးမှ အစည်းအဝေး အဆင့်ဆင့်ထိုင်၍ စီမံအရေးယူဆောင်ရွက်ရခြင်းထက် မဖြစ်ခင်ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်နိုင်ရန်အတွက်လည်း ဥပဒေကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ သစ်တောအခြေအနေ၊ ကြုံတွေ့လာနေရသည့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုများကို အားလုံးသိနေကြပြီဖြစ်သည့်အတွက် အလေးအနက်ထားသင့်ပါကြောင်း၊ လူသားဆန်သည့် လူသားများဖြစ်စေရန် စဉ်းစားတွေးခေါ်မှုကိုအခြေခံပြီး လူနှင့်လူပတ်ဝန်းကျင် သဟဇာတဖြစ်စွာ ယှဉ်တွဲရပ်တည်နိုင်ရန်အတွက် ဆောင်ရွက်ရန်မီသေးသည့် အချိန်အခါကောင်းဖြစ်သည့်အတွက် အဆိုအား တင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အစီရင်ခံစာအား ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့် (သတင်းစဉ်)

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၇ / ၂၀၁၉
ဝဘဝ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	ကချင်ပြည်နယ်၊ ဗန်းမော်မြို့ရွှေကျီးနား ရပ်ကွက်နေ ထွန်းဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၇-၂၀၁၉ ရက်နေ့တွင်ဗန်းမော်မြို့ ရွှေကျီးနားရပ်ကွက်နေ ထွန်းဝင်း(၂၆)နှစ်၊ (ဘ)ဦးမောင်ဆင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဗန်းမော်)မယ(ပ)၁၀၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၂	စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ အင်ကုန်းကျေးရွာနေ ထွန်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၇-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ အင်ကုန်းကျေးရွာနေ ထွန်းအောင်(၄၂)နှစ်၊ (ဘ)ဦးအောင်ခန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်)မယ(ပ)၃၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၃	မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအုပ်စု၊ ကျောက်ဝါးတူးစခန်းတွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသုံးစွဲမှုများ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။	၁၀-၇-၂၀၁၉ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအုပ်စု၊ ကျောက်ဝါးတူးစခန်း (ကွက်သစ်)နေ ကိုကိုနိုင်(၁)ဖိုးသား(၃၄)နှစ်၊(ဘ)ဦးတင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်ဇနီးမကြူ(၄၈)နှစ်၊(ဘ) ဦးခင်ဦးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း)မယ(ပ)၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၄	မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဖုန်ကုန်းကျေးရွာနေ ကိုနှင်းနှင်း(၁)မင်းမင်းသန်း(၄၃)နှစ်၊ (ဘ) ဦးအေးကျော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရဘဲ ဇနီးဒေါ်ဝင်းဝင်းတင့်(၃၈)နှစ်၊ (ဘ)ဦးကျော်ငြိမ်းအား 88/1 နှင့် WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(တကောင်း)မယ(ပ)၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၅	ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်နေ ကိုရှမ်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၂-၇-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်သီရိလမ်းနေ ကိုရှမ်း(၃)အောင်စိုးမင်း(၄၅)နှစ်၊ (ဘ) ဦးအင်အိချို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ)မယ(ပ) ၂၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်အမှုဖွင့်အရေးယူထားရှိပါသည်။
၆	ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်နေ ညီဖြိုးဝေ(၃) မောင်ငယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၇-၇-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်နေ ညီဖြိုးဝေ(၃)မောင်ငယ်(၃၃)နှစ်၊ (ဘ)ဦးနှင်းဝေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး)မယ(ပ)၆၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၇	ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။	ယခင်သီတင်းပတ်များ၌ အမှု(၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၆)ဦး၊ မ(၁)ဦး၊ ပေါင်း(၇)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၇-၇-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ ကိုပြည့်(၁)ပြည့်စုံ(၅၂)နှစ်၊ (ဘ)ဦးထွန်းဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်တစ်ရပ်ကွက်တည်းနေ မောင်ခိုင် (၃၈)နှစ်၊ (ဘ) ဦးထွန်းမြင့်၊ အောင်ကိုဦး(၁၉)နှစ်၊ (ဘ) ဦးမောင်ခိုင်နှင့် ရန်နိုင်စော(၂၇)နှစ်၊ (ဘ)ဦးစောဦးတို့(၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၆၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၈	ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့၊ သရက်တောရပ်ကွက်နေ စိုးနိုင်(၁)မျောက်မသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၀-၇-၂၀၁၉ ရက်နေ့တွင် ကလောမြို့၊ သရက်တောရပ်ကွက်နေ စိုးနိုင်(၁)မျောက်မ(၅၃)နှစ်၊ (ဘ)ဦးထွန်းမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလော) မယ(ပ)၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁၃-၇-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၈၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၉၀၄)ဦး၊မ(၁၇၃)ဦး၊ ပေါင်း(၁၀၇၇)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၄၈ ၂.၆၀၈၄)ဂရမ်၊ ICE (၇၃.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၁.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃ ၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၃၉. ၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၃၉၁၆)ပြား၊ ဆေးခြောက် (၈၃၆၃. ၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃. ၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၉.၁၅) ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၇)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကိုရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၃၀)ဂရမ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမောက်မြို့နယ်၊ ဝိန်းခမ်းကျေးရွာ၊ လွယ်ဂျယ်-မိုးမောက်သွားကားလမ်းပေါ်၌ သတင်းအရ Crown ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၆၈၀၀)ပြား၊ ဘိန်းဖြူ(၁၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဖားကန့်မြို့နယ်၊ ကောင်ဆန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား၊ ဗန်းမော်မြို့နယ်၊ စီအင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၀.၀၀၁)ဂရမ်၊ ဘိန်းဖြူရည်(၀.၀၁)လီတာ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ လင်ဖုံလေးကျေးရွာလမ်းခွဲတွင် နိုင်မာသည့် သတင်းရရှိထားသော Dongfeng ယာဉ်(၃)စီးအား ဖမ်းဆီး၍ လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ စစ်ဆေးရာ ယာဉ်မောင်း/ယာဉ်နောက်လိုက် တရားခံ အမျိုးသား (၆)ဦးနှင့်အတူ ICE(၅၀၀၀၀၀)ဂရမ်၊ Ketamine(၆၄၉၀၀၀)ဂရမ်၊ ကဖင်း(၁၁၅၀၀၀၀)ဂရမ်၊ မော်တော်ယာဉ် (၃)စီး၊ အောင်သပြေကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၅)ပြား၊ မယ်စဲ့မြို့နယ်၊ ဝမ်ကန်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၄၅)ပြား၊ နန့်မန်းကျေးရွာ၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၄၅)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မူကဝါကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၀)ပြား၊ ပိန္နဲတောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၆၅၃)ပြား၊ ဆေးခြောက်(၂၀၁)ဂရမ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အမှတ်(၉)ရပ်ကွက်၌ တရားခံ အမျိုးသားတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းများ၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ပဒေကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၈၉၈.၁၅)ဂရမ်၊ ၎င်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၄)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အဘူဂျာကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် ကူးတိုဆိပ်သွားလမ်း လယ်ကန်သင်းပေါင်း၌ ဆာလာအိတ်အတွင်း ထည့်ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ဆေးခြောက်(၃ ၂၆၆)ဂရမ်၊ Phensedyl(၄၄)ပုလင်း၊ ကြက်ရိုးပြင်ကျေးရွာ၌ သတင်းအရစိစစ်ရာ တရားခံအမျိုးသမီး(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၁၈၄)ပြား၊ တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၇)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၆)ပြား၊ ဘိန်းဆီခဲ (၁၉၂)ဂရမ်၊ ဆိုင်ကယ်(၄)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရတနာသီရိရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဆီခဲ(၇၅၀)ဂရမ်၊ ရွာင်မြို့နယ်၊ ကျောက်ကူပြင်ကျေးရွာ၊ ရွာင်-ကျောက်ဆည်သွားကားလမ်းမပေါ်၌ ဆိုင်ကယ်(၁)စီးအား စိစစ်ရန်တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ လူတိမ်းရှောင်ထွက်ပြေးသွားပြီး ဆိုင်ကယ်ခွကြားရှိ ပီနံအိတ်အတွင်းနှင့် တူးဘောက်အတွင်းတို့မှ ဘိန်း(၂၄၇၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပင်လောင်းမြို့၊ ပင်လောင်း-ညောင်ရွှေသွားကားလမ်း မိုင်တိုင်(၄၉/၇)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၆၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးနဲမြို့နယ်၊ ဆိုင်ဖယ်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၂၀)ပြား၊ ဘိန်းဖြူ(၅)ဂရမ်၊ ဘိန်း(၂၀၀)ဂရမ်၊ လားရှိုးမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ Canter (၆)ဘီးယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းဖြူ(၁၆၉၄၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်အရလားရှိုးမြို့၊ အမှတ်(၆)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅)ပြား၊ ဘိန်းဆီခဲ(၁၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃.၅)ဂရမ်၊ အမှတ်(၁၁)ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မယ်ဟန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၁၅)ပြား၊ ဂေါ်ရခါးကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၀)ပြား၊ ဘိန်းဖြူ (၁၄.၄) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တန့်ယန်းမြို့နယ်၊ နောင်ငုတ်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၇၀)ပြား၊ မူဆယ်မြို့၊ ခိုဝိန်း-မူဆယ်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ နမ့်ခမ်းမြို့၊ အမှတ်(၁၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၇၅၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာအနီး ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းမပေါ်၌ သတင်းအရ Mark-X ယာဉ်နှင့် Crown ယာဉ်၊ ပေါင်း(၂)စီးတို့အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၃၆၀)ပြား၊ ဘိန်းဖြူ(၂၄.၂)ဂရမ်၊ မော်တော်ယာဉ်(၂)စီး၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၁၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ၎င်းနေရာ၌ ထပ်မံသတင်းရရှိထားသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၉၃၅)ပြား၊ ဘိန်းဖြူ(၂၇)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မိုင်တိုင်(၇၉/၄)၌ တရားခံအမျိုးသား(၂)ဦး၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့၊ ပါဟတ်ရပ်ကွက်၊ မူဆယ်-မန္တလေးသွား ကားလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ အထက်မန်ကျည်းပင်ကျေးရွာ၌ သတင်းအရ

စာမျက်နှာ ၉ သို့ »»

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၈၁ ခုနှစ်၊ လ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစီးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်နှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျှာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်သည်။

(င) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

အခန်း(၂)
စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP) ကို ပုံမှန်စျေးနှုန်းအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာပုံမှန်စျေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်းလျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

ဆက်လက်ဖော်ပြပါမည်။

»» စာမျက်နှာ ၈ မှ

ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မဘိမ်းမြိုနယ်၊ မိုးလုံးကျေးရွာအနီး မဘိမ်း-ငါးအိုးသွားကားလမ်းပေါ်၌ သတင်းအရ စိစစ်ရန်သွားရောက်စဉ် ဆိုင်ကယ်(၁)စီး ရပ်ထားပြီး အမျိုးသား(၂)ဦးသည် စစ်ဆေးရေးအဖွဲ့ မရောက်မီ ဆိုင်ကယ်အားထားကာ တိမ်းရှောင်သွားကြောင်းသိရှိရပြီး ဝန်းကျင်ဖြန့်ခွဲရှာဖွေရာ ဆိုင်ကယ်အနီး အပင်အောက်၌ သစ်ကိုင်းများဖြင့် ဖုံးအုပ်ဝှက်သိမ်းထားသည့် ပီနံအိတ်အတွင်းမှ စိတ်ကြွဆေးပြား (၅၉၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၃)ပြား၊ ဘိန်းဖြူ(၃) ဂရမ်၊ ချင်းရွှေဟော်မြို့အမှတ်(၂)ရပ်ကွက်၊ ရာဘာကုန်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Alphard ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၃၂၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၆၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကျိုင်းတုံမြို့နယ်၊ နောင်ဇာရဲကင်းရှေ့ လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မတ်ကျန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၇၃၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဆွန်ဟိုက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅၀၀)ပြား၊ မိုင်းဆတ်မြို့နယ်၊ နမ့်ခမ်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၂၃၇၆၀)ဂရမ်၊ မိုင်းဆတ်မြို့နယ်အတွင်း နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် မယ်ကြုတ်(၁)ကျေးရွာအနီး လျှိုအတွင်းဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၁၆၄၄၄၅)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၀၀၅၂၈)ဂရမ်၊ Soda မှုန့်(၁၄၀၀၀၀)ဂရမ်၊ ကော်မှုန့်(၁၀၀၀၀) ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ကံသာဦးရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၄၃၂)ပြား၊ ဘိန်းဖြူ(၂.၆၅)ဂရမ်၊ ကသာမြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၂၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၇၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၃၅)ပြား၊ အင်းတော်မြို့နယ်၊ လယ်ပြင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၅၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ထီးချိုင့်မြို့နယ်၊ ရွာသစ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀)ပြား၊ ရှေပြည်သာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၆၄၀)ပြား၊ ဗန်းမောက်မြို့နယ်၊ ကဇောက်ဇာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ ခမ်းပါတ်မြို့ နန်စပါတံတားအနီး တမူး-ကလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၃)ဂရမ်၊ Buprenorphine Tablet (၂၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ ကရားကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၅၄)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ တလိုင်းစုရပ်ကွက်၊ ကမ်းနားလမ်းပေါ်၌ တရားခံ အမျိုးသား(၂)ဦးထံမှ ICE(၁၆)ဂရမ်၊ စစ်ဆေးဖော်ထုတ်ချက်အရ ထားဝယ်စုရပ်ကွက်ရှိ တရားခံ၏နေအိမ်၌ စိတ်ကြွဆေးပြား(၉၈၀၀)ပြား၊ ICE (၅၄၀)ဂရမ်၊ ကျွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၂၃)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ဥယာမြို့သစ်၊ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၅)ပြား၊ ICE(၂.၅)ဂရမ်၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ အောင်ရတနာ(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၆)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြိုနယ်၊ ရဲမွန်တောင်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၈)ပြား၊ Ecstasy Tablet (၆၀)ပြား၊ ICE (၉)ဂရမ်၊ Ketamine (၅.၄)ဂရမ်၊ ဆေးခြောက်(၂.၂)ဂရမ်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၉၂)ပြား၊ ဘိန်းဖြူ(၂၇)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပုသိမ်ကြီးမြို့နယ်၊ ရှေစာရံကျေးရွာလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၁၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ ကျောက်ချောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၉)ပြား၊ ဘိန်းဖြူ(၉)ဂရမ်၊ ထပ်မံဖော်ထုတ်ချက်အရ ပြင်ဦးလွင်မြို့ မြို့ရှောင်လမ်း၌ ကွင်းဆက်တရားခံအမျိုးသား(၁)ဦး၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရှေပေါက္ကံမြို့သစ်၊ (၁၁)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃)ပြား၊ ဆေးခြောက် (၄.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပုဂံလမ်းမကြီးပေါ်၌ Corolla ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၉၆၅)ပြား၊ ဘိန်းဖြူ(၁၀) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ (၁၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၅)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ (၈)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၆၀၀)ပြား၊ ICE(၁၆)ဂရမ်၊ (၆)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၅၂)ပြား၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၉၁)ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၇၅)ပြား၊ ICE (၅)ဂရမ်၊ လှိုင်မြို့နယ်၊ ဗဟိုလမ်းနှင့်နီလာလမ်းထောင့်၌ သတင်းအရ Vitz ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၄)ပြား၊ ICE(၃)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဇရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့ ပင်လုံရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၇၀)ပြားအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဆန်ဆိုင်း(၆)ရပ်ကွက်၌ တရားမဝင်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားတရားခံ အမျိုးသား (၅)ဦးထံမှ စိတ်ကြွဆေးပြား(၁၈)ပြား၊ ICE(၀.၈)ဂရမ်အားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၅)ခုရှိခဲ့ပြီး ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ သာစည်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၆၅)ပြား၊ လက်ပစ်ဗုံး(၁)လုံး၊ Caldina ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ မိုင်းတင်းကျေးရွာ၊ လားရှိုး-တန့်ယန်းသွားကားလမ်းပေါ်၌ သတင်းအရ Honda Fit ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉)ပြား၊ ဘိန်းဖြူ(၂.၂)ဂရမ်၊ တူမီးသေနတ် (၁)လက်၊ မော်တော်ယာဉ်(၁)စီး၊ သီပေါမြို့နယ်၊ ကျင်သီကျေးရွာ၊ မန္တလေး-လားရှိုးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ ပွိုင့် ၃၈ ပစ္စတိုလ်(၁)လက်၊ ၎င်းကျည်(၁၅)တောင့်၊ ကျည်အိမ်(၁)ခု၊ တာချီလိတ်မြို့နယ်၊ ဖာတီမာကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆)ပြား၊ ဘိန်း(၆၀)ဂရမ်၊ တူမီးသေနတ်(၂)လက်၊ ဟွေလန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၈)ပြား၊ ပွိုင့် ၂၂ ကျည်(၃၄) တောင့်တို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၇-၇-၂၀၁၉ ရက်နေ့မှ ၁၃-၇-၂၀၁၉ ရက်နေ့အထိ) အတွင်း အမှုပေါင်း(၂၉၉)မှု၊ တရားခံ ကျား(၃၇၂)ဦး၊ မ(၄၇)ဦး၊ ပေါင်း(၄၁၉)ဦး၊ စိတ်ကြွဆေးပြား (၉၃၆၀၉၆)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၂၆၅၅.၅၅)ဂရမ်၊ ဘိန်းဖြူ(၄၄၉.၃၅)ဂရမ်၊ ဘိန်းဖြူအရည်(၀.၀၁)လီတာ၊ ICE (၅၀၀၆၀၁.၁၈) ဂရမ်၊ ဘိန်း(၂၅၀၉၂.၆၅၇)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃.၅)ဂရမ်၊ ဘိန်းစာရွက်(၈၉၈.၁၅)ဂရမ်၊ ဘိန်းဆီခဲ(၉၅၆)ဂရမ်၊ ဆေးခြောက်(၃၅၁၄.၃၂)ဂရမ်၊ Ecstasy Tablet (၆၀)ပြား၊ Burprenorphine Tablet (၂၁)ပြား၊ Ketamine (၆၄၉၀၀၅.၄)ဂရမ်၊ ကဖင်း(၁၁၅၀၀၀)ဂရမ်၊ Phensedyl (၄၄)ပုလင်း၊ Soda မှုန့်(၁၄၀၀၀၀)ဂရမ်၊ ကော်မှုန့် (၁၀၀၀၀)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ် ပစ္စည်းများ၊ သေနတ်မျိုးစုံ(၄)လက်၊ ကျည်မျိုးစုံ(၄၉)တောင့်၊ ကျည်အိမ်(၁)ခု၊ လက်ပစ်ဗုံး(၁)လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ်	-	၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ	-	antinarcotics@presidentoffice.gov.mm

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀နၵကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများတွင် သဘာ၀ ဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် ကျိုးပေါက်ပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ဌာနမှ သတ်မှတ် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန်နှင့် အရေးပေါ် အခြေအနေတစ်ရပ်ဖြစ်ပေါ်လာပါက တမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုလျော့ပါးသက်သာစေရန်အတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပတ်သက်ဆက်စပ်သည့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကြိုတင်စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်၊ ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Preparedness Plan - EPP) များ ရေးဆွဲဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေတွင် တုံ့ပြန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း အောက်ပါအတိုင်း အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှု အဆင့် (၁)၊ အဆင့် (၂)၊ အဆင့် (၃) ဟူ၍ ပိုင်းခြားသတ်မှတ်ဖော်ပြထားပါသည်။

(က) အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု (အဆင့်- ၁) သတ်မှတ်ခြင်း

ရေပိုလ္ဓမှ ရေစတင်ကျော်သည်နှင့် အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှု အဆင့် (၁) အဖြစ်သတ်မှတ်ပါသည်။ ရေပိုလ္ဓမှ ရေစတင်မကျော်သေးသော်လည်း အောက်ဖော်ပြပါ အခြေအနေများဖြစ်ပေါ်လာပါက အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှုအဆင့် (၁) အဖြစ် သတ်မှတ်ပါသည်။

- တမံကိုယ်ထည်၏ D/S အပိုင်းမှ ရေစိမ့်ထွက်သည့် ဇရိယာအသစ်များ ဖြစ်ပေါ်လာခြင်း၊
- တမံ Crest, U/S နှင့် D/S Slope များတွင် အက်ကြောင်းများ ဖြစ်ပေါ်ပြီး ရေစိမ့်ထွက်မှုမရှိခြင်း၊
- တမံ Crest နိမ့်ကျခြင်း၊ U/S နှင့် D/S Slope များ လျှောကျခြင်း၊
- တမံနှင့် မိုင် ၅၀ ပတ်လည်ဇရိယာအတွင်း ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ခြင်း၊
- အဖျက်အမှောင့်လုပ်ရပ်တစ်ခုခု (ဥပမာ - ဗုံးခွဲခြင်း)ကြောင့် တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သော်လည်း တမံ၏ ကြံ့ခိုင်လုံခြုံမှုအား စိုးရိမ်ဖွယ်ရာမရှိခြင်း။

အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအဆင့် (၁) ဖြစ်ပေါ်လာသည့် အခြေအနေတွင် တမံအောက်ဘက်ရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများသို့ ဆက်သွယ်အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အစိမ်းရောင်အလံ လွှင့်ထူသွားမည်ဖြစ်ပါသည်။ ရေပိုလ္ဓမှ ရေကျော်ကျခြင်းမရှိသေးသည့်အခြေအနေတွင်ဖြစ်စေ၊ ရေကျော်ကျနေသည့် အခြေအနေတွင်ဖြစ်စေ တမံနှင့် ဆက်စပ်ရေအားအဆောက်အအုံများတွင် မူလအသွင်အပြင်မှ ထူးခြားစွာဖြစ်ပေါ်ပြောင်းလဲလာသည့် အထက်ဖော်ပြပါ အခြေအနေများ ဖြစ်ပေါ်လာပါက

- ဆည်တမံတာ၀နၵ၀် (ဦးစီးအရာရှိ) မှ ဆည်တမံလုံခြုံမှုစစ်ဆေးသူ (လ/ထညွှန်ကြားရေးမှူး) ထံသို့ ဖြစ်ပေါ်မှုအခြေအနေကို သတင်းပို့ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တမံအောက်ဘက်ရှိ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများသို့ ဆက်သွယ်အသိပေးခြင်း၊
- ဆည်တမံ လုံခြုံမှုစစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) ထံသို့ စစ်ဆေးတွေ့ရှိမှုနှင့် ဖြစ်ပေါ်မှုအခြေအနေကို သတင်းပေးပို့ခြင်း၊ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးထံသို့ ဆက်သွယ်အသိပေးခြင်း၊
- ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) မှ နေ၍ ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) နှင့် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀နၵကြီးထံသို့ တင်ပြအစီရင်ခံပြီး လ/ထ ညွှန်ကြားရေးမှူးအနေဖြင့် ညွှန်ကြားရေးမှူး (ဒီဇိုင်း/ပုံထုတ်)၊ (ဇလဗေဒ)၊ (ဘူမိဗေဒ) မှ တာ၀နၵပေးအပ်ထားသော နည်းပညာပိုင်းဆိုင်ရာကိုယ်စားလှယ်နှင့် ဆွေးနွေးညှိနှိုင်း၍ အင်ဂျင်နီယာပိုင်းဆိုင်ရာ သုံးသပ်အကြံပြုချက်များရယူကာ ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည့် အစီအမံများကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည် အစီအမံများကို အထက်အဆင့်ဆင့်သို့တင်ပြခြင်း။

(ခ) အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု (အဆင့်- ၂) သတ်မှတ်ခြင်း

- ရေပိုလ္ဓမှ ရေကျော်ကျမှု ဆက်လက်မြင့်တက်လာပြီး မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် Maximun High Flood Level သို့ ရောက်ရှိကာ တမံအောက်ဘက်ဒေသများ ရေကြီးမှုဖြစ်ပေါ်နိုင်ခြင်း၊
- ကန်တွင်းရေမှတ်မှာ Crest Level ရောက်ရန် သုံးပေခန့်သာလိုပြီး ဆက်လက်မြင့်တက်လာမည့် အခြေအနေရှိခြင်း၊
- တမံကိုယ်ထည်၏ D/S အပိုင်းမှ ရေစိမ့်ထွက်သည့် ဇရိယာများ ပိုမိုဖြစ်ပေါ်လာခြင်းနှင့်အတူ ရေစိမ့်ထွက်မှုပမာဏ ပိုမိုများပြားလာပြီး ရေနောက်များထွက်လာခြင်း၊
- တမံ Crest၊ U/ S နှင့် D/ S Slope များတွင် အက်ကြောင်းများဖြစ်ပေါ်ပြီး ရေစိမ့်ထွက်ခြင်း၊
- တမံ Crest နိမ့်ကျမှု U/ S နှင့် D/ S Slope များ လျှောကျမှုများ သိသာထင်ရှားစွာ ပိုမိုဖြစ်ပေါ်လာခြင်း၊
- တမံဘေးနှစ်ဖက် Abutment များ လျှောကျခြင်း၊
- ငလျင်လှုပ်ခတ်မှုကြောင့် တမံနှင့်ဆက်စပ်ရေအား အဆောက်အအုံများတွင် သိသာထင်ရှားစွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခြင်း (ဥပမာ- အက်ကြောင်း၊ နိမ့်ကျမှု၊ လျှောကျမှု၊ ရေစိမ့်ထွက်မှု..... စသည်ဖြင့်)၊
- အဖျက်အမှောင့်လုပ်ရပ်တစ်ခုခု (ဥပမာ- ဗုံးခွဲခြင်း) ကြောင့် တမံအတွင်း

ဖြူးချောင်းရေလှောင်တမံ၊ ရေပိုလ္ဓနှင့် ရေယူအဆောက်အဦကို တွေ့ရစဉ်။

မှ ရေစိမ့်ထွက်မှုဖြစ်ပေါ်ခြင်း။

အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအဆင့်(၂) သို့ရောက်ရှိလာသည့် အခြေအနေတွင် တမံအောက်ဘက်ရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများသို့ ဆက်သွယ်အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အဝါရောင်အလံလွှင့်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အဆင့် (၂) သို့ ရောက်ရှိလာသည့် အခြေအနေတွင်

- ဆည်တမံတာ၀နၵ၀် (ဦးစီးအရာရှိ)မှ ဆည်တမံလုံခြုံမှု စစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး) ထံသို့ ဖြစ်ပေါ်မှုအခြေအနေကို သတင်းပို့ခြင်း၊ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တမံအောက်ဘက်ရှိ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ ဆက်သွယ်အသိပေးခြင်းနှင့် မြစ်ချောင်းဘေးတစ်လျှောက် မြေနိမ့်ဒေသများတွင် နေထိုင်ခြင်းမပြုရန် သတိပေးနှိုးဆော်ခြင်း၊
- ဆည်တမံ လုံခြုံမှုစစ်ဆေးသူ (လ/ထ ညွှန်ကြားရေးမှူး)မှ ဖြစ်ပေါ်မှုအခြေအနေကို ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) ထံသို့ သတင်းပေးပို့ခြင်း၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ ဆက်သွယ်အသိပေးခြင်းနှင့် ရေလွတ်ရာကုန်းမြင့်ဒေသများသို့ ရှောင်တိမ်းနေထိုင်နိုင်ရေး ကြိုတင်လျှာထားစီမံနိုင်ရန် သတိပေးနှိုးဆော်ခြင်း၊
- ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ)မှနေ၍ ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) နှင့် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀နၵကြီး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ထံသို့ ချက်ချင်းတင်ပြ အစီရင်ခံခြင်း၊
- လက်ထောက်ညွှန်ကြားရေးမှူးအနေဖြင့် ညွှန်ကြားရေးမှူး (ဒီဇိုင်း/ပုံထုတ်)၊ (ဇလဗေဒ)၊ (ဘူမိဗေဒ)မှ တာ၀နၵပေးအပ်ထားသော နည်းပညာပိုင်းဆိုင်ရာ ကိုယ်စားလှယ်နှင့် ဆွေးနွေးညှိနှိုင်းပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ သုံးသပ်အကြံပြုချက်များရယူ၍ ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည့်အစီအမံများကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့်အစီအမံများကို အထက်အဆင့်ဆင့်သို့ တင်ပြခြင်း၊
- တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀နၵကြီးမှ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ခြင်း၊
- ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) မှနေ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀နၵကြီးဌာန၊ ၀နၵကြီးရုံးသို့ ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူတင်ပြခြင်း။

(ဂ) အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု (အဆင့် - ၃) သတ်မှတ်ခြင်း

- ရေပိုလ္ဓမှ ရေကျော်စီးထွက်နေမှုမှာ မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် Maximum High Flood Level ထက် ကျော်လွန်ပြီး ရေပိုလ္ဓ အဆောက်အအုံ ကျိုးပေါက်ပျက်စီးစေနိုင်သည့် အခြေအနေ ဖြစ်ပေါ်လာခြင်း၊
- ကန်တွင်းရေမှတ်မှာ Crest Level ရောက်ရန် တစ်ပေခန့်သာလိုပြီး ဆက်လက်မြင့်တက်လျက်ရှိကာ တမံကိုယ်ထည်ပေါ် ရေကျော်၍ တမံကျိုးပေါက်နိုင်မည့် အခြေအနေရှိခြင်း၊
- တမံကိုယ်ထည်၏ D/S အပိုင်းမှ ရေနောက်များစိမ့်ထွက်မှုပမာဏမှာ ၁၀ ဂါလန်/မိနစ်ထက် ပိုမိုများပြားလာခြင်း၊
- တမံ Crest၊ U/S နှင့် D/S Slope များတွင် အက်ကြောင်းများဖြစ်ပေါ်မှု ပိုမိုကြီးမား များပြားလာပြီး ရေစိမ့်ထွက်မှုလည်း ပိုမိုများပြားလာကာ တမံကျိုးပေါက်နိုင်မည့် အခြေအနေရှိလာခြင်း၊
- တမံ၏ U/S နှင့် D/S Slope များ လျှောကျပြီး ရေစိမ့်ထွက်မှုဖြစ်ပေါ်ကာ တမံကျိုးပေါက်နိုင်မည့်အခြေအနေရှိလာခြင်း၊
- တမံဘေးနှစ်ဖက် Abutment ပြိုကျမှုများ ဆက်လက်၍ဖြစ်ပေါ်ပြီး တမံကျိုးပေါက်နိုင်မည့်အခြေအနေ ရှိလာခြင်း၊
- ငလျင်လှုပ်ခတ်မှုကြောင့် တမံနှင့်ဆက်စပ်ရေအား အဆောက်အအုံများတွင် အက်ကြောင်းများ၊ နိမ့်ကျ၊ လျှောကျမှုများဖြစ်ပေါ်ပြီး ရေစိမ့်ထွက်မှုမှာ ထိန်းချုပ်မရနိုင်သည့်ပမာဏအထိ ထွက်ရှိလာခြင်း၊
- အဖျက်အမှောင့်လုပ်ရပ်တစ်ခုခု (ဥပမာ - ဗုံးခွဲခြင်း) ကြောင့် တမံအတွင်းမှ ရေစိမ့်ထွက်ကာ ထိန်းချုပ်မရနိုင်သည့်ပမာဏအထိ ထွက်ရှိလာခြင်း။

အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု အဆင့် (၃) သို့ ရောက်ရှိလာသည့် အခြေအနေတွင် တမံအောက်ဘက်ရှိ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများမှတစ်ဆင့် ပြည်သူများသို့ ဆက်သွယ် အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အနီရောင်အလံလွှင့်ထူခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု အဆင့် (၃) သို့ ရောက်ရှိလာသည့်အခြေအနေတွင်

- ဆည်တမံတာ၀နၵ၀် (ဦးစီးအရာရှိ)မှ ဆည်တမံလုံခြုံမှုစစ်ဆေးသူ (လ/ထညွှန်ကြားရေးမှူး) ထံသို့ ဖြစ်ပေါ်မှုအခြေအနေကို သတင်းပို့ခြင်း၊ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ တမံအောက်ရှိ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသိပေးခြင်းနှင့် မြစ်ချောင်းဘေးတစ်လျှောက် မြေနိမ့်ဒေသများတွင် နေထိုင်ခြင်းမပြုရန် အမြန်ဆုံးသတိပေးနှိုးဆော်ခြင်း။
- ဆည်တမံလုံခြုံမှုစစ်ဆေးသူ (လ/ထညွှန်ကြားရေးမှူး)မှ ဖြစ်ပေါ်မှုအခြေအနေကို ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) ထံသို့ သတင်းပေးပို့ခြင်း၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသိပေးခြင်းနှင့် ရေလွတ်ရာကုန်းမြင့်ဒေသများသို့ ရှောင်တိမ်းနေထိုင်ရန် အမြန်ဆုံး သတိပေးနှိုးဆော်ခြင်း။
- ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (ဆည်/ရေ) မှနေ၍ ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) နှင့် **စာမျက်နှာ ၁၁ သို့** ❖

ရန်ကုန်အရှေ့ပိုင်းခရိုင်မှ အများပြည်သူပြောကြား အာဇာနည်နေ့ အမှတ်တရစကားများ

တွေ့ဆုံမေးမြန်း
ရီရီမြင့်

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်များ၌ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရသောအားဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ ဒေသခံပြည်သူများအား တွေ့ဆုံပြီး ''အများပြည်သူပြောကြား အာဇာနည်နေ့ အမှတ်တရစကား'' အစီအစဉ်အတွက် စုစည်းဖော်ပြလိုက်ရပါသည်-

မသက်ထားရှေစင်

ဦးလှစိုး

ဒေါ်သီသီအောင်

မောင်စိုးလွင်ထွန်း

ဦးကျော်မြင့်

မောင်မျိုးပြည့်ဦး

မသက်ထားရှေစင်
(၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ)

အာဇာနည်နေ့ဆိုတာ အမြဲတမ်းသတိရနေရမယ့် နေ့တစ်နေ့ပါ။ ကျွန်မစိတ်ထဲမှာတော့ အာဇာနည်ကိုးဦးက မြန်မာနိုင်ငံအတွက် တကယ့်သူရဲကောင်းတွေပါပဲ။ သူတို့ရဲစိတ်ဓာတ်တွေကို ကျွန်မတို့လိုလူငယ်တွေ အတုယူရမယ်။ နိုင်ငံ့အကျိုးနဲ့ လွတ်လပ်ရေးအတွက် အသက်စွန့်ပေးသွားတဲ့အတွက် နောင်လာနောက်သားတွေ ထာဝရ လေးစားဂုဏ်ယူသွားရမယ်လို့ မြင်ပါတယ်။ အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ် ကျင်းပပေးနေတဲ့အတွက် ဝမ်းသာကျေနပ်မိပါတယ်။

ဦးလှစိုး
(ရွှေလက်ရာစားသောက်ဆိုင်ပိုင်ရှင်)

အာဇာနည်ခေါင်းဆောင်ကြီးများက တိုင်းပြည်လွတ်လပ်ရေးရအောင် လုပ်သွားခဲ့တာ၊ လူငယ်တွေ အတုယူသင့်ပါတယ်။ နောင်လာနောက်သား လူငယ်တွေ ဒီလိုစိတ်ဓာတ်မျိုးဖြစ်ဖို့ ကြိုးစားရမယ်။ အတုယူရမယ်။ အားထုတ်ရမယ်။ နိုင်ငံလွတ်လပ်ရေးအတွက်၊ တိုင်းပြည်ကောင်းဖို့အတွက် လုပ်သွားတာဆိုတော့ အခုလို ကျဆုံးသွားတာ နှမြောမိတယ်။ ဘယ်မေ့လို့ရမလဲ။ အဲဒါနဲ့ပတ်သက်ပြီး အသံကြားရင် စိတ်မကောင်းဘူး။ ဒါတောင် ကျွန်တော်တို့ အသက်နဲ့ မမီလိုက်ဘူး။ နှစ်စဉ်နှစ်တိုင်း ကျင်းပပေးတော့ နှစ်တိုင်းသတိရတာပေါ့ဗျာ။ အဲဒါနဲ့ပတ်သက်တဲ့အသံတွေ ကြားလေ လူတွေရဲ့မျိုးချစ်စိတ်ဓာတ် ပိုမိုပြင်းထန်လေပေါ့။ ဒီအသံတွေက လူတွေရဲ့ စိတ်ဓာတ်ကို နှိုးနှိုးနေတာ၊ ဘယ်လိုမခံချင်စိတ်ရှိဖို့၊ စိတ်ဓာတ် ဘယ်လိုပြောင်းဖို့ဆိုတာ သူတို့က သမိုင်းပေးသွားတာကိုး။ အာဇာနည်နေ့ကျင်းပပေးလေ သူတို့ကို ပိုသတိရလေ၊ သတိရတာထက် သူတို့ပြောခဲ့တဲ့ စကားတွေ နားထောင်ဖို့ အရေးကြီးတယ်။

ဒေါ်သီသီအောင်
(Dream World Studio ပိုင်ရှင်)

အာဇာနည်နေ့ဆိုတာ အစ်မတို့ ငယ်ငယ်လေးကတည်းက အရိုးထဲ၊ အသားထဲမှာစွဲနေတာပေါ့။ လွတ်လပ်ရေးရအောင် ကြိုးပမ်းခဲ့တဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတဲ့နေ့၊ သွေးမျက်ရည်စီးခဲ့တဲ့နေ့၊ အဲဒီနေ့ကို အာဇာနည်နေ့ဆိုပြီး သတ်မှတ်ထားတာပေါ့။ အခုအချိန်အထိလည်း ဘယ်လိုမှ မေ့လို့မရဘူး။ ၁၉ ဇူလိုင်ဆိုရင် ထုံးစံအတိုင်း ကျောင်းတွေမှာ အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားတွေလုပ်ပေးတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံရဲ့ လွတ်လပ်ရေးကို ရအောင် အသက်စွန့်ကြိုးပမ်းခဲ့တဲ့ ခေါင်းဆောင်တွေ လုပ်ကြံခံခဲ့ရတဲ့နေ့ ဆိုတဲ့အတွက်ကြောင့်မို့လို့ ဒီနေ့ကို ကလေးတွေကိုလည်း သိစေချင်တယ်။ လူငယ်တွေကို လွတ်လပ်ရေးဆိုတာ လွယ်လွယ်လေးနဲ့ ရခဲ့တာမဟုတ်ဘူး ဆိုတာကိုလည်း သိစေချင်ပါတယ်။ သွေးနဲ့ရင်းပြီး ရခဲ့ကြတာ။ ဒီအာဇာနည်ကြီးတွေကို မမေ့စေချင်ဘူး။ မေ့လည်း မမေ့အပ်ဘူး။ အစ်မတို့ နယ်ဘက်မှာနေတုန်းကဆို အဲဒီနေ့မှာ အဝတ်အစားသစ်လွင်တာတွေ မဝတ်ရဘူး။ သီချင်းဆိုတာတွေ မလုပ်ရဘူး။

မောင်စိုးလွင်ထွန်း
(အဓိုးရနည်းပညာအထက်တန်းကျောင်းသား)

အာဇာနည် ကိုးဦးက တိုင်းပြည်အတွက်၊ လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ကြတယ်။ သူတို့အသက်ကို ပဓာနမထားဘဲ တိုင်းပြည်အတွက် ပေးဆပ်ခဲ့ကြတယ်။ လွတ်လပ်ရေးကို ရအောင် ယူပေးခဲ့ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်တော်တို့လူငယ်တွေ စံနမူနာယူရမယ်။ မျိုးချစ်စိတ်ဓာတ်ထားရမယ်။ ပြည်သူအားကိုးထိုက်တဲ့သူတစ်ယောက်ဖြစ်အောင် အတုယူသင့်တယ်။ ဂုဏ်ယူသင့်တယ်။

ဒေါ်အေးမိစံ

အာဇာနည်ကြီးတွေ လုပ်ကြံခံရတုန်းက ကျွန်မက ငယ်သေးတယ်။ လူကြီးတွေ ပြောနေသံတော့ ကြားတယ်။ အဲဒီတုန်းက ကျွန်မတို့က နယ်မှာနေတော့ တော်တော်လေးကြာမှ ဒီသတင်းကို ကြားရတယ်။ လူကြီးတွေကတော့ ငိုနေကြတယ်။ ရန်ကုန်ရောက်တော့ အသက်အရွယ်လေးလည်းရတော့ အာဇာနည်နေ့ဆိုတာကို သိခဲ့ရတယ်။ ရေဒီယိုကနေ မေလှမြိုင်သီချင်း အာဇာနည်နေ့ကို တော့ မမေ့သင့်ပါတယ်ဆိုတဲ့ သီချင်းကြားရင် မျက်ရည် ဘယ်လိုမှမဆည်နိုင်ဘူး။ ဥည်ဩတွေကလည်း ဆွဲတယ်။ အဲဒီနေ့ဆို တိုက်တိုက်ဆိုင်ဆိုင် မိုးကလည်း တဖွဲဖွဲရွာတတ်တယ်။ ရင်ထဲမှာ တစ်မျိုးကြီးပဲ။ အိမ်တိုင်း မြန်မာနိုင်ငံတော်အလံကို တိုင်တစ်ဝက်လွှင့်ကြတယ်။ လမ်းမှာလည်း လူတွေသွားလာကြရင်း ဥည်ဩဆွဲရင် ရောက်တဲ့နေရာမှာရပ်ပြီး အလေးပြုကြရတယ်။ အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ကိုးဦးကို လွမ်းဆွတ်ကြတယ်။ ဝမ်းနည်းကြတယ်။ အလေးပြုကြတယ်။

ဦးကျော်မြင့်
(စစ်မှုထမ်းဟောင်း-ဧ(မ်း) သုဝဏ္ဏမြို့

အာဇာနည်ကိုးဦး ကျဆုံးတုန်းက အဘတို့ ကောင်းကောင်းမီတယ်။ တိုင်းပြည်အတွက် အသက်ပေးပြီး ပေးဆပ်သွားတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေ မသမာသူလက်ချက်ကြောင့် ကျဆုံးကြရတယ်။ အဲဒီတုန်းက အဘတို့နိုင်ငံက တော်တော်လေး ကစဉ့်ကလျားဖြစ်ကုန်တယ်။ အာဇာနည်ပုဂ္ဂိုလ်ကြီး ကျဆုံးတုန်းက အဘတို့ သွားပြီးအလေးပြုကြတယ်။ လူတွေမှ အများကြီးပဲ လာအလေးပြုကြတယ်။ ဗိုလ်ချုပ်စိတ်ဓာတ်မျိုးက ရှားပါတယ်။ နောင်ဒီလိုမျိုးစိတ်ဓာတ်မျိုးပေါ်ထွန်းလာဖို့ ရှားတယ်။ ခေတ်လူငယ်တွေ ဗိုလ်ချုပ်လိုစိတ်ဓာတ်မျိုး မွေးကြပါ။ တိုင်းပြည်ကိုချစ်ကြပါ။ ကိုယ့်နိုင်ငံရဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းကြပါ။ နိုင်ငံတော်က အာဇာနည်နေ့အခမ်းအနား ကျင်းပပေးတာမှန်ပါတယ်။ နှစ်စဉ် ကျင်းပပေးတော့ နောင်လာနောက်သားတွေလည်း သိလာတာပေါ့။ သိသင့်တာပေါ့။ ဒါမှ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်လွတ်လပ်ရေးအတွက် အာဇာနည်ပုဂ္ဂိုလ်ကြီးတွေ ဘယ်လိုကြိုးပမ်းခဲ့လဲဆိုတာ သိကြမှာပေါ့။ ဒါကြောင့် နှစ်စဉ် ကျင်းပပေးသင့်ပါတယ်။

စောအယ်လ်စိုး(သဘော်သား)
သုဝဏ္ဏမြို့

ဗိုလ်ချုပ်အောင်ဆန်းလို စိတ်ဓာတ်မျိုး လူငယ်တွေကို ဖြစ်စေချင်တယ်။ ပြန်မရနိုင်တော့တဲ့ ကျွန်တော်တို့ရဲ့ အိပ်မက်ထဲက သူရဲကောင်းတစ်ဦးလေ။ ကိုယ်ကျိုးစွန့်၊ တိုင်းပြည်အတွက် အနစ်နာခံပြီး လွတ်လပ်ရေးရယူပေးခဲ့တာပေါ့။ လူငယ်တွေ သူ့လောက် နီးနီး နိုင်ငံအကျိုးကို တစ်ထောင့်တစ်နေရာက ကျရာတာဝန်ကို ထမ်းဆောင်စေချင်ပါတယ်။ ဗိုလ်ချုပ်စိတ်ဓာတ်ကိုတော့ ကျွန်တော် အကြိုက်ဆုံးပဲ။ တိုင်းသူပြည်သားအပေါ်ထားတဲ့ နွေးထွေးတဲ့မေတ္တာတရား၊ လူသားအားလုံး မပေးဆပ်နိုင်တဲ့ ပေးဆပ်မှုမျိုး၊ တန်းတူညီမျှထားတဲ့ စိတ်ဓာတ်ကို ကြိုက်ပါတယ်။ အာဇာနည်နေ့ ကျင်းပတာ ဇူလိုင် ၁၉ တစ်ရက်ပဲ။ ဒါပေမယ့် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးကိုတော့ ရင်ထဲမှာ ဘယ်တော့မှ မမေ့သင့်ဘူး။ အာဇာနည်နေ့ကို နှစ်စဉ် အမြဲကျင်းပပေးပြီး ဗိုလ်ချုပ်ရဲ့မိန့်ခွန်းမှာကြားချက်တွေအတိုင်း လိုက်နာကျင့်သုံးသင့်တယ်လို့ မြင်ပါတယ်။

မောင်မျိုးပြည့်ဦး
(ဆဋ္ဌမတန်းကျောင်းသား)

သားတို့ကျောင်းမှာ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သင်ရတယ်။ ဗိုလ်ချုပ်အောင်ဆန်းလို စိတ်ဓာတ်မျိုး အတုယူသင့်တယ်လို့ ထင်ပါတယ်။ အာဇာနည် ကိုးဦးအကြောင်းကို ဆရာမတွေ ပြောပြပါတယ်။ သားတို့ ဝမ်းနည်းမိတယ်။ ဗိုလ်ချုပ်အောင်ဆန်းလိုစိတ်မျိုးထားနိုင်အောင် သားတို့ ကြိုးစားရမယ်။ အများအကျိုးသယ်ပိုးရမယ်။ ဗိုလ်ချုပ်အောင်ဆန်းမှာခဲ့တဲ့စကားအတိုင်း လိုက်နာရမယ်။ အာဇာနည်နေ့ အခမ်းအနားကျင်းပတဲ့ အာဇာနည်ဗိမာန်နဲ့ ဝန်ကြီးများရုံးကို သွားပြီးအလေးပြုကြရမယ်။ သားတို့ လူငယ်တွေ မမေ့အပ်တဲ့၊ မမေ့သင့်တဲ့ နေ့တွေထဲမှာ အာဇာနည်နေ့လည်း ပါပါတယ်။ ။

❖ **စာမျက်နှာ ၁၀ မှ**

တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့ထံသို့ ချက်ချင်းတင်ပြ အစီရင်ခံခြင်း၊

- လက်ထောက်ညွှန်ကြားရေးမှူးအနေဖြင့် ညွှန်ကြားရေးမှူး (ဒီဇိုင်း/ပုံထုတ်)၊ (ဇလဗေဒ)၊ (ဘူမိဗေဒ) မှ တာဝန်ပေးအပ်ထားသော နည်းပညာပိုင်းဆိုင်ရာ ကိုယ်စားလှယ်နှင့် ဆွေးနွေးညှိနှိုင်းပြီး အင်ဂျင်နီယာပိုင်းဆိုင်ရာ သုံးသပ်အကြံပြုချက်များရယူ၍ ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည့်အစီအမံများကိုအချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ခြင်း၊ ဆောင်ရွက်မည့် အစီအမံများကို အထက် အဆင့်ဆင့်သို့ တင်ပြခြင်း၊
- တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးမှ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့လည်းကောင်း ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ခြင်း၊
- ညွှန်ကြားရေးမှူးချုပ် (ဆည်/ရေ) မှနေ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ခြင်း၊
- ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ အရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပူးပေါင်းပြင်ဆင်ဆောင်ရွက်ခြင်း။

သဘာဝဘေးအန္တရာယ်မှာ အများအားဖြင့် ကြိုတင်မှန်းဆသိရှိနိုင်သည့် အခြေအနေမရှိသောကြောင့် လျှပ်တစ်ပြက်ဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေတစ်ရပ်ရပ်အပေါ်တွင် မူတည်၍ တုံ့ပြန်ဆောင်ရွက်ရသည်ဖြစ်သည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ရေးဆွဲဆောင်ရွက်ထားသည့် EPP ပါ လုပ်ငန်းစဉ်များအတိုင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပတ်သက်ဆက်စပ်သည့် ဌာနဆိုင်ရာများနှင့်အတူ ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ တမ်အောက်ဘက်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့်လည်း EPP ရေးဆွဲဆောင်ရွက်ထားမှု အခြေအနေများကို ကြိုတင်သိရှိပြီး လိုအပ်သလိုပူးပေါင်းကာ လိုက်နာဆောင်ရွက်သွားနိုင်ရန် အထူးလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

ဖော ငမြှောင်တောင်ပိုး စစ်ဆေးထောက်လှမ်း

ထီးလင်း ဇူလိုင် ၁၅

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌ တောင်သူပညာပေးလုပ်ငန်းနှင့် ပိုးမွှားထောက်လှမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းလွင်နှင့် ဝန်ထမ်းများသည် ထန်းပင်ကုန်းကျေးရွာ နွေစပါးစိုက်ခင်းများသို့ ဒေသခံတောင်သူ ၂၀ တို့နှင့်အတူ ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး လက်တွေ့သရုပ်ပြရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စိန်ကျော်

နည်းပညာဆိုင်ရာ ပြဿနာကြောင့် အိန္ဒိယ လဆင်းယာဉ်လွှတ်တင်မှု ရွှေ့ဆိုင်း

နယူးဒေလီ ဇူလိုင် ၁၅

အိန္ဒိယနိုင်ငံမှ လမျက်နှာပြင်သို့ ဆင်းသက်မည့် စူးစမ်းလေ့လာရေးယာဉ် ချန်ဒရာရန်-၂ ကို ဇူလိုင် ၁၅ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း နည်းပညာဆိုင်ရာ ပြဿနာကြောင့် လွှတ်တင်ရန် စီစဉ်ထားသည့်အချိန်မတိုင်မီ တစ်နာရီနီးပါးအလိုတွင် လွှတ်တင်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ယာဉ်ကို လွှတ်တင်ခြင်းဖြင့် ကမ္ဘာပေါ်တွင် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ် စေလွှတ်နိုင်သည့် စတုတ္ထမြောက်နိုင်ငံဖြစ်လာရန် အိန္ဒိယနိုင်ငံက ဆန္ဒရှိနေသည်။ လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်များ စေလွှတ်နိုင်သည့် နိုင်ငံများမှာ အမေရိကန် ပြည်ထောင်စု၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ ဖြစ်ကြသည်။

ချန်ဒရာရန်-၂ လမျက်နှာပြင်စူးစမ်းလေ့လာရေးယာဉ်ကို ဆီရစ်ဒိုစန် အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇူလိုင် ၁၅ ရက် နံနက်ဒေသစံတော်ချိန် ၂ နာရီ ၅၁ မိနစ်၌ လွှတ်တင်ရန်စီစဉ်ထားပြီး လွှတ်တင်ရန် ၅၆ မိနစ်နှင့် ၂၄ စက္ကန့်အလိုတွင် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

ချန်ဒရာရန်-၂ ယာဉ်အား လွှတ်တင်ရန် ၅၆ မိနစ်ခန့် အလိုတွင် ယင်းယာဉ် သယ်ယူပို့ဆောင်ပေးမည့် ဒုံးယာဉ် စနစ်တွင် နည်းပညာဆိုင်ရာ ချို့ယွင်းမှုတစ်ခုကို သတိပြုမိ၍ လွှတ်တင်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့သည်ဟု အိန္ဒိယအာကာသသုတေသနအဖွဲ့အစည်း (အိုင်အက်စ်အာရ်အို)က ၎င်း၏တွစ်တာစာမျက်နှာ၌ ဖော်ပြသည်။

ယင်းအာကာသယာဉ်ကို လွှတ်တင်မည့် အင်ဒရာဂျာ ဒေ့ရှ်ပြည်နယ် ကမ်းလွန်ကျွန်းရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ တာဝန်ရှိသူကလည်း လွှတ်တင်ရေးယာဉ်၏ စနစ်တွင် ပြဿနာရှိသည်ဟု ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်အား လွှတ်တင်ရန် တစ်နာရီခန့်အလိုတွင် ဟိုက်ဒရိုဂျင်လောင်စာအရည်ဖြည့်သွင်းမှု ပြီးစီးခဲ့ကြောင်း အိုင်အက်စ်အာအိုက ကြေညာခဲ့သည်။

ချန်ဒရာရန်-၂ ယာဉ်အား လွှတ်တင်မှုအသစ် ပြုလုပ်မည့်ရက်ကိုမူ အိန္ဒိယအာကာသ သုတေသနအဖွဲ့အစည်း (အိုင်အက်စ်အာရ်အို)က ပြောကြားခြင်း မရှိပေ။

အဆိုပါ ယာဉ်လွှတ်တင်မှုအတွက် အိန္ဒိယနိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၁၄၀ အကုန်အကျခံ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ချန်ဒရာရန်-၂ အား လာမည့်စက်တင်ဘာ ၆ ရက်တွင် လမျက်နှာပြင်သို့ သက်ဆင်းရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**

ဂျော်ဂျီယာတွင် ရုရှားဆန့်ကျင်ရေး ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွား

တီဘလီစီ ဇူလိုင် ၁၅

ယခင် ဆိုဗီယက်ယူနီယံဟောင်းတွင် ပါဝင်ခဲ့သည့် ဂျော်ဂျီယာနိုင်ငံတွင် ရုရှားဆန့်ကျင်ရေးဆန္ဒပြပွဲများ ဆက်လက်ဖြစ်ပွားနေကြောင်း အင်နာ့အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံ ဥပဒေပြုလွှတ်တော်အမတ်တစ်ဦးသည် ဂျော်ဂျီယာ လွှတ်တော်အတွင်း၌ ဇွန် ၂၀ ရက်က ရုရှားဘာသာစကားဖြင့် မိန့်ခွန်းတစ်ရပ် ပြောကြားပြီးကတည်းက ဂျော်ဂျီယာတွင် ရုရှားဆန့်ကျင်ရေး ဆန္ဒပြမှုများ တစ်လနီးပါးကြာ ဖြစ်ပွားနေခြင်းဖြစ်သည်။

ရုရှားဆန့်ကျင်ရေးဆန္ဒပြပွဲများ စတင်ဖြစ်ပွားစဉ်က လူအများအပြား ပါဝင်ခဲ့ပြီး ယင်းဆန္ဒပြပွဲကို ဂျော်ဂျီယာလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲခဲ့ရာ လူ ၂၀၀ နီးပါး ထိခိုက်ဒဏ်ရာရခဲ့သည်။ ယင်းဖြစ်ရပ်ဖြစ်ပွားပြီးကတည်းက ဆန္ဒပြသမားများက မြို့တော် တီဘလီစီရှိ လမ်းမများပေါ်၌ နေ့စဉ်ဆန္ဒပြမှုများ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဆန္ဒပြသမားဦးရေမှာ လျော့နည်းသွားခဲ့သည်။

ဇူလိုင် ၁၄ ရက်က ပြုလုပ်သည့် ဆန္ဒပြပွဲတွင် ထောက်ခံအားပေးသည့် လူငယ်များအပါအဝင် လူဦးရေ ၂၀၀ ခန့်ရှိသည့် ဆန္ဒပြသမားများက ဂျော်ဂျီယာလွှတ်တော်အဆောက်အအုံရှေ့တွင် စုဝေးဆန္ဒပြခဲ့ပြီး ဂျော်ဂျီယာနိုင်ငံအား မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)သို့ ဝင်ရောက်ရန် တောင်းဆိုခဲ့ကြသည်။

ရုရှားနိုင်ငံအတွင်း၌လည်း ဂျော်ဂျီယာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန် တောင်းဆိုမှုများရှိသော်လည်း ရုရှားနှင့် ဂျော်ဂျီယာနှစ်နိုင်ငံ ဆက်ဆံရေးအခြေအနေ ပိုမိုဆိုးရွားလာမှုကို တားဆီးနိုင်ရေးအတွက် ရုရှားသမ္မတ ဗလာဒီမာပူတင်က ယင်းတောင်းဆိုမှုကို ပယ်ချခဲ့သည်။

အင်နာ့အိတ်ချ်ကေ

ပိတ်ဆို့မှုများရုပ်သိမ်းပေးပါက အမေရိကန်နှင့် ဆွေးနွေးရန်အသင့်ရှိဟု အီရန်ပြောကြား

တီဟီရန် ဇူလိုင် ၁၅

ဝါရှင်တန်အနေဖြင့် တီဟီရန်အပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများကို ရုပ်သိမ်းပေးပါက အမေရိကန်နှင့် ဆွေးနွေးမှုများပြုလုပ်သွားရန် အီရန်နိုင်ငံက အသင့်ရှိနေကြောင်း အီရန်နိုင်ငံ သမ္မတဟက်ဆန်ရိုဟာနီ၏ ပြောကြားချက်ကို ယနေ့ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်အတွက် အီရန်နိုင်ငံအနေဖြင့် အသင့်ရှိကြောင်း၊ နိုင်ထက်စီးနင်းပြုမှုများကို စွန့်ပယ်ရန်နှင့် ပြန်လည်ရှုမြင်သုံးသပ်ရန် ယခုအချိန်သည် အချိန်အခါကောင်းဖြစ်ကြောင်း အီရန်သမ္မတ ဟက်ဆန်ရိုဟာနီ၏ပြောကြားချက်ကို ကိုးကား၍ အီရန်နိုင်ငံ Mehr သတင်း အေဂျင်စီက သတင်းဖော်ပြသည်။

၂၀၁၅ အီရန်နျူကလီးယားသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်နှင့် ဥရောပနိုင်ငံများမှ ခေါင်းဆောင်များကလည်း ပင်လယ်ကွေ့ဒေသတွင် တင်းမာမှုများမြင့်တက်လာမှုနှင့် စပ်လျဉ်း၍ အလွန်အမင်းစိုးရိမ်မိကြောင်းနှင့် အဆိုပါတင်းမာမှုများက အီရန်နျူကလီးယားစာချုပ်တွင် ပါဝင်သည့်နိုင်ငံများအနေဖြင့် စားပွဲပိုင်းဆွေးနွေးပွဲများတွင် အတူတကွမပါဝင်နိုင်ခဲ့ပါက ပို၍အန္တရာယ်ရှိသည့်အခြေအနေသို့ တွန်းပို့ရာရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်မေလအတွင်းက အီရန်နျူကလီးယားသဘောတူစာချုပ်မှ တစ်ဖက်သတ် နုတ်ထွက်သွားခဲ့ပြီး အီရန်အပေါ် ပိတ်ဆို့မှုများ စတင်လာခဲ့သည်။ မေ ၈ ရက်တွင်မူ အီရန်နိုင်ငံကလည်း နျူကလီးယားသဘောတူညီချက်အောက်တွင် ထားရှိသည့် ကတိကဝတ်အချို့ကို လိုက်နာခြင်းမရှိဘဲ ရပ်တန့်ပစ်ခဲ့ပြီး အီရန်နျူကလီးယားစာချုပ်တွင် ပါဝင်သည့် ၃ ဒသမ ၆၇ ရာခိုင်နှုန်းအဆင့်ထက်ကျော်လွန်သော ယူရေနီယံသန့်စင်မှုကို စတင်လုပ်ဆောင်ရန် အသင့်ရှိကြောင်းနှင့် ရက်ပေါင်း ၆၀ တိုင်းတွင် အီရန်၏ နျူကလီးယားကတိကဝတ်များကို တဖြည်းဖြည်းစွန့်ပယ်သွားမည်ဖြစ်ကြောင်း အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဇူလိုင် ၈ ရက်တွင်မူ အီရန်နိုင်ငံက ၃ ဒသမ ၆၇ ရာခိုင်နှုန်းအဆင့်မှ ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ ယူရေနီယံသန့်စင်မှုကို တိုးမြှင့်လုပ်ဆောင်ခဲ့ကြောင်း ကြေညာခဲ့သည်။ ယင်းသို့ အီရန်နိုင်ငံက ကြေညာခဲ့ပြီးနောက် အမေရိကန်သမ္မတထရန့်၏ အစိုးရအဖွဲ့ထိပ်တန်းတာဝန်ရှိသူများနှင့် အမေရိကန်ဒုတိယသမ္မတမိုက်ပန့်စ်တို့က အီရန်အပေါ် စီးပွားရေးအရ ဖိအားပေးမှုကို တိုးမြှင့်လုပ်ဆောင်သွားရန် သန္ဓိဋ္ဌာန်ချခဲ့သည်။

ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် လူငါးသိန်း ရေဘေးသင့်ခဲ့ပြီး အနည်းဆုံး ၂၀ သေဆုံး

ဒါကာ ဇူလိုင် ၁၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ခရိုင်များ၏ သုံးပုံတစ်ပုံနီးပါးတွင် ရေလွှမ်းမိုးမှုကြောင့် အနည်းဆုံး လူ ၂၀ သေဆုံးပြီး လူဦးရေငါးသိန်း ရေဘေးသင့်ခဲ့ကာ ထောင်ပေါင်းများစွာသော မိသားစုများမှာ ရွှေ့ပြောင်းနေထိုင်ခဲ့ရကြောင်း သဘာဝဘေးဆိုင်ရာ တာဝန်ရှိသူ တစ်ဦးက ယနေ့ပြောကြားခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ သဘာဝဘေး စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူ အဘူဒါကာက ခရိုင် ၁၈ ခုတွင် ရေလွှမ်းမိုးမှုကြောင့် လူဦးရေ ငါးသိန်းခန့် ရေဘေးသင့်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနသို့ပြောကြားခဲ့သည်။

ရာသီအလိုက် မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် အိန္ဒိယနယ်စပ်ကို ဖြတ်ကာ ကျဆင်းလာသည့်တောင်ကျရေများကြောင့် ဖြစ်ပေါ်သော ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် ပြီးခဲ့သည့် သီတင်းပတ်မှစတင်ကာ လက်ရှိအချိန်ထိ လူ ၂၀ အနည်းဆုံး သေဆုံးခဲ့ရကြောင်း ၎င်းကပြောကြားခဲ့သည်။

ရေဘေးသင့်လူဦးရေ ထောင်ပေါင်းများစွာ ထားရှိသော ကယ်ဆယ်ရေးစင်တာများသို့ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ချိပေးရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဘာဝဘေးတုံ့ပြန်ရေးအသင်းအဖွဲ့များကို အာဏာပိုင်များက စေလွှတ်ထားသည်။

ရေလွှမ်းမိုးမှုဒဏ်ခံရသည့် ခရိုင်များတွင် ဆီလ်ဟက်၊ ဆူမမ်ဂန်၊ မူလ်ဘီဘဇား၊ ချက်တိုဂရမ်၊ ရန်ဂါမာတီနှင့် ကော့ဘဇားခရိုင်တို့ပါဝင်ကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

ဆင်ဟွာ

အလက်ပိုမြို့ကို သူပုန်များက စိန်ပြောင်းဖြင့် ပစ်လူခြောက်ဦး သေ၊ ရှစ်ဦး ဒဏ်ရာရ

ဒမတ်စကတ် ဇူလိုင် ၁၅

ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အလက်ပိုမြို့အား ဆီးရီးယားသူပုန်များက ဇူလိုင် ၁၄ ရက်တွင် စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ အရပ်သားခြောက်ဦးထက်မနည်း သေဆုံးပြီး ရှစ်ဦးဒဏ်ရာရခဲ့ကြောင်း ဆီးရီးယားအစိုးရပိုင် ဆာနာသတင်းဌာနက ဖော်ပြသည်။

အလက်ပိုမြို့ရှိ လူနေရပ်ကွက်အတွင်းသို့ သူပုန်များက စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ကြောင်း ဆာနာသတင်း၌ ဖော်ပြသည်။ အလက်ပိုမြို့ကို ဆီးရီးယားအစိုးရတပ်ဖွဲ့များက ၂၀၁၆ ခုနှစ်အတွင်းက ပြန်လည်သိမ်းယူခဲ့ပြီးနောက် ယခုကဲ့သို့ သူပုန်များက စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့မှုမှတစ်ပါး လုံခြုံအေးချမ်းမှုကြီးမားစွာရှိခဲ့သည်။

အလက်ပိုမြို့၏ အနောက်ပိုင်းနှင့် မြောက်ဘက်ပိုင်းရှိ ကျေးလက်ဒေသများတွင် အစွန်းရောက်သူပုန်များ ခိုအောင်းနေထိုင်ကြပြီး အလက်ပိုမြို့နှင့် ဆီးရီးယားအစိုးရက ထိန်းချုပ်ထားသည့် အလက်ပိုပြည်နယ်၏ကျေးလက်ဒေသများအား စိန်ပြောင်းများဖြင့် ပစ်ခတ်မှုများ မကြာခဏပြုလုပ်လေ့ရှိသည်။ **ဆင်ဟွာ**

တရုတ်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှု ဒုတိယသုံးလပတ်အတွင်း ၆ ဒသမ ၂ ရာခိုင်နှုန်းသို့ လျော့ကျ

ပေကျင်း ဇူလိုင် ၁၅

တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဝယ်လိုအားကျဆင်းမှုကြောင့် ကမ္ဘာ့ ဒုတိယစီးပွားရေးအင်အား အကြီးဆုံး တရုတ်နိုင်ငံ၏ ဂျီဒီပီ တိုးတက်မှုသည် ဒုတိယသုံးလပတ်၌ လွန်ခဲ့သည့် ဆယ်စုနှစ် သုံးခုအတွင်း အနေးကွေးဆုံး အရှိန်သို့ လျော့ကျသွားသည်ဟု တနလင်္ဂနေ့က တရားဝင်ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြသည်။

တရုတ်အမျိုးသား စာရင်းအင်းဗျူရိုက ဒုတိယသုံးလပတ် ဂျီဒီပီ သည် ၆ ဒသမ ၂ ရာခိုင်နှုန်းဖြစ်သည်ဟု ထုတ်ပြန်ခဲ့ရာ ပထမသုံးလပတ် ဂျီဒီပီ ၆ ဒသမ ၄ ရာခိုင်နှုန်းမှ လျော့ကျသွားခဲ့ခြင်း ဖြစ်သည်။ ပထမသုံးလပတ်နှင့် ဒုတိယ သုံးလပတ်အတွင်း ရရှိခဲ့သည့် ဂျီဒီပီကိန်းဂဏန်းများသည် တရုတ်အစိုးရ၏ တစ်နှစ်လုံးစာအတွက် ဂျီဒီပီ ရည်မှန်းချက် အပိုင်းအခြား ၆ ဒသမ သုည နှင့် ၆ ဒသမ ၅ ရာခိုင်နှုန်း အတွင်းရှိသည်။ တရုတ်နိုင်ငံ၏ စီးပွားရေး သည် ၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

စီးပွားရေး အခြေအနေများသည် ပြည်တွင်းမှာရော ပြည်ပမှာပါ ဆိုးရွားနေဆဲဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေး တိုးတက်မှုသည် နေးကွေးနေကြောင်း၊ ပြည်ပတွင် မတည်ငြိမ်မှုများနှင့် မသေချာမှုများ တိုးလာနေကြောင်း အမျိုးသား စာရင်းအင်းဗျူရို ပြောရေးဆိုခွင့်ရှိသူ မော်ရှန်ရန်းက ပြောသည်။

တရုတ်အစိုးရသည် ယခုနှစ်တွင် စီးပွားရေး မြှင့်တင်ရန်အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ထိုဆောင်ရွက်ချက်များသည် ပြည်တွင်း စီးပွားရေးနေးကွေးမှုနှင့် ၎င်း၏အကြီးမားဆုံး ကုန်သွယ်ဖက် အမေရိကန်နိုင်ငံနှင့် ဖြစ်ပွားနေသည့် ကုန်သွယ်ရေးစစ်ပွဲကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရပ်ခြားမှ ဝယ်လိုအားကျဆင်းမှုကို မကာမိနိုင်ဖြစ်ခဲ့သည်။

ပြီးခဲ့သည့် အပတ်က ကျင်းပခဲ့သည့် နိုင်ငံတော်ကောင်စီအစည်းအဝေးကို ဝန်ကြီးချုပ် လီခချန်းက ဦးဆောင်ခဲ့ပြီး ပို့ကုန်လုပ်ငန်းရှင်များအတွက် အခွန်လျှော့ပေါ့ပေးရန်နှင့် သွင်းကုန်အပေါ်စည်းကြပ်သည့် အခွန်အကောက်များကို လျှော့ချရန် ကတိပြုခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-အောင်ဇော်လင်း

အိန္ဒိယ အဆောက်အအုံပြိုကျမှုတွင် သေဆုံးသူ ၁၃ ဦးအထိ ရှိလာ

ဆင်းမလား ဇူလိုင် ၁၅

အိန္ဒိယနိုင်ငံ ဟီမာချယ်ပရာဒက်ပြည်နယ် ဆိုလန်ခရိုင်တွင် အဆောက်အအုံတစ်လုံးပြိုကျခဲ့ပြီး အပျက်အစီးများအောက်မှ အလောင်းငါးလောင်း ထပ်မံတွေ့ရှိခဲ့ရာ သေဆုံးသူဦးရေမှာ ၁၃ ဦးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စားသောက်ဆိုင်တစ်ဆိုင် ပါရှိသည့် လေးထပ်အဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ လူ ၂၈ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းတို့က ပြောသည်။ တပ်မတော်သား ၁၂ ဦးနှင့် အမျိုးသမီးတစ်ဦး၏ အလောင်းများကို အပျက်အစီးများအောက်မှ ဆွဲထုတ်ခဲ့ပြီး လူတစ်ဦးမှာ အပျက်အစီးများအောက်တွင် ပိတ်မိနေဆဲဖြစ်သည်။ ကယ်ဆယ်ရေးလုပ်ငန်းပြီးစီးမှသာ အမှန်တကယ် ပိတ်မိသူအရေအတွက်ကို ရှင်းရှင်းလင်းလင်း သိရမည်ဖြစ်သည်။ အဆောက်အအုံမှာ စည်းမျဉ်းများနှင့် အညီ ဆောက်လုပ်ခဲ့ခြင်းမရှိဟု ယနေ့နံနက်ပိုင်းက အခင်းဖြစ်ရာနေရာသို့ သွားရောက်ခဲ့သည့် ပြည်နယ်ဝန်ကြီးချုပ် ဂျိုင်ရမ်သာကူက ပြောကြားသည်။

“စည်းမျဉ်းမလိုက်နာသူတွေကို ဥပဒေအရ အရေးယူမှာဖြစ်ပါတယ်။ ပြည်နယ်အတွင်းမှာ စည်းမျဉ်းနဲ့ မညီညွတ်တဲ့ အဲဒီလိုအဆောက်အအုံတွေ အများကြီးရှိပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေပါတယ်။ အမျိုးသားဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ဆောင်ဖို့ ရဟတ်ယာဉ်တစ်စင်းနဲ့ လိုအပ်တဲ့ပစ္စည်းကိရိယာတွေ မနေ့က ပို့ဆောင်ခဲ့ပြီးဖြစ်ပါတယ်” ဟု ၎င်းက ဆိုသည်။ အဆောက်အအုံပြိုကျချိန်တွင်အတွင်း၌ အိန္ဒိယတပ်မတော်မှ တပ်ဖွဲ့ဝင် ၃၅ ဦးရှိပြီး ၃၀ မှာ ပြန်တမ်းဝင် အရာရှိများဖြစ်ကြောင်း ဆေးရုံရောက်နေသည့် ဒဏ်ရာရ စစ်သည်တစ်ဦးက ပြောကြားသည်။

အဆောက်အအုံပြိုကျချိန်တွင် စားသောက်ဆိုင်၌ လူ ၅၀ ခန့်ရှိသည်ဟု အခြား ဒဏ်ရာရရှိသူ တစ်ဦးဖြစ်သည့် ရာကတ်ကူးမားက ပြောသည်။ အိန္ဒိယတပ်မတော်၊ ဗဟို အရန်ရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကိုးကား-ပီတီအိုင်
ဘာသာပြန်-ကျော်ထိုက်စိုး

အမေရိကန်လုပ် ကိုယ်ပျောက် ဂျက်တိုက်လေယာဉ် နှစ်စင်း အစ္စရေး လက်ခံရရှိ

ဂျေရုဆလင် ဇူလိုင် ၁၅

အစ္စရေးလေတပ်သည် အမေရိကန်လုပ် F-35 ကိုယ်ပျောက် ဂျက်တိုက်လေယာဉ်သစ် နှစ်စင်းကို ဇူလိုင် ၁၄ ရက်တွင် လက်ခံရရှိခဲ့ကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဂျက်တိုက်လေယာဉ်များသည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်ရှိ လော့ခ်ဟီမာတင်လေယာဉ်ကုမ္ပဏီ၏ လေဆိပ်တစ်ခုမှ ထွက်ခွာပျံသန်းလာပြီး အစ္စရေးနိုင်ငံတောင်ဘက် နီဗာတိမ်လေတပ် အခြေပြုစခန်းတွင် ဆင်းသက်ကာ အစ္စရေးနိုင်ငံ၏ ပြည်တွင်းဖြစ် F-35 ကိုယ်ပျောက် ဂျက်တိုက်လေယာဉ် အုပ်စုတွင် အင်အားဖြည့်တင်းထားကြောင်း သိရသည်။

အမေရိကန်လုပ် ကိုယ်ပျောက်လေယာဉ်သစ် နှစ်စင်း ဝယ်ယူခြင်းသည် အစ္စရေးလေတပ်၏ မဟာဗျူဟာ စွမ်းဆောင်ရည်နှင့် စစ်ဆင်ရေးအတွက် နောက်ထပ် အဆင့်တစ်ခု ဖြည့်ဆည်းပေးခြင်းပင်ဖြစ်ကြောင်း အစ္စရေး စစ်တပ်က ထုတ်ပြန်ချက် တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ဂျက်တိုက်လေယာဉ် နှစ်စင်းသည် အစ္စရေးနိုင်ငံက အမေရိကန်ထံမှ လက်ခံရရှိမည့် ဂျက်တိုက်လေယာဉ် အစင်း ၅၀ ၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ အမေရိကန်သည် ပထမအသုတ် ဂျက်တိုက်လေယာဉ်များကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက အစ္စရေးနိုင်ငံသို့ တင်ပို့ရောင်းချခဲ့သည်။ အစ္စရေးနိုင်ငံသည် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိကန်လုပ် F-35 ဂျက်တိုက်လေယာဉ် အစင်း ၂၀ ကို ပိုင်ဆိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

F-35 ဂျက်တိုက်လေယာဉ်သည် အမေရိကန်နိုင်ငံ၏ အဆန်းသစ်ဆုံးနှင့် အဆင့်အမြင့်ဆုံး ဂျက်တိုက်လေယာဉ် အမျိုးအစားဖြစ်ပြီး ရေဒါစနစ်ကို ရှောင်ကွင်းနိုင်စွမ်းရှိရန် ဒီဇိုင်းဆွဲထုတ်လုပ်ထားသည့် ဂျက်တိုက်လေယာဉ် ဖြစ်သည်။ ထို့အပြင် ဝုံးတွဲများကိုလည်း တင်ဆောင်နိုင်စွမ်း ရှိသလို အသံထက်ပိုသော အမြန်နှုန်းဖြင့် ပျံသန်းနိုင်စွမ်း ရှိကြောင်း သိရသည်။



ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ

အတွင်းမွန်ဂိုလီးယားဒေသတွင် မြေအောက်ရထား စမ်းသပ်ပြေးဆွဲတော့မည်

ဟော့ဟော့ ဇူလိုင် ၁၅

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပထမဆုံးသော မြေအောက်ရထားလိုင်းများ ရရှိတော့မည်ဟု အာဏာပိုင်များက ပြောကြားသည်။

လာမည့်ဒီဇင်ဘာလအကုန်တွင် အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် ဟော့ဟော့၌ မြေအောက်ရထား Line-1 စမ်းသပ်ပြေးဆွဲမှု စတင်မည်ဖြစ်သည်။ ဒေသန္တရ အာဏာပိုင်များက ရင်းနှီးမြှုပ်နှံမှု ယွမ် ၃၇ ဒသမ ၄ ဘီလီယံ(အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ)ဖြင့် မြေအောက်ရထား Line-1 နှင့် Line-2 ပြေးဆွဲသွားရန် စီစဉ်ခဲ့သည်။ စုစုပေါင်း လမ်းအရှည် ၄၉ ဒသမ ၀၂ ကီလိုမီတာရှိသည့် မြေအောက်ရထားလိုင်းနှစ်ခုတွင် ဘူတာရုံ ၄၃ ရုံ ရှိမည်ဖြစ်ပြီး မြေအောက်ရထားလိုင်းနှစ်ခုမှာ ဆင်ဟွာစကွဲယားဘူတာရုံ၌ လိုင်းပြောင်းမည်ဖြစ်သည်။

မြေအောက်ရထား Line-1 ကို တည်ဆောက်ပြီးစီးသော်လည်း Line-2 မှာ တည်ဆောက်နေဆဲဖြစ်ကာ စမ်းသပ်ပြေးဆွဲမှုကို ၂၀၂၀ ပြည့်နှစ် ဇွန်လနောင်းပိုင်းတွင် စတင်မည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

❖ **ကျောဖုံးမှ**

အမှတ်များလျော့ခဲ့သောကြောင့် လက်ရှိချန်ပီယံရန်ကုန်၊ ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းတို့သာ ပြိုင်ဆိုင်ရမည့် အနေအထားဖြစ်လာခဲ့သည်။ လက်ကျန်ပွဲအနေအထားအရ ယင်းသုံးသင်း ထိပ်တိုက်တွေ့ဆုံမည့်ပွဲပါဝင်နေပြီး ပွဲရလဒ်များမှာ ချန်ပီယံဆုအတွက် အရေးပါလာနိုင်သည်။

ရန်ကုန်အသင်းသည် ပွဲစဉ်(၁၈)မှ (၂၁)အထိ အဝေးကွင်းလေးပွဲဆက်တိုက် ကစားရမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာနိုင်သလို အိမ်ကွင်းပွဲအားလုံး ကစားရမည့် ရှမ်းယူနိုက်တက်အသင်းအတွက်မူ ဧရာဝတီ၊ ရတနာပုံတို့နှင့် ကစားရမည့်ပွဲများမှာ အရေးပါလာနိုင်သလို ယခုတစ်ပတ်ကစားမည့် ဧရာဝတီနှင့်ပွဲမှာ လွန်စွာအရေးပါနေသည်။

လက်ကျန်ပွဲအနေအထားအရ ရန်ကုန်အသင်းသည် ပွဲစဉ်(၁၇)တွင် ဒဂုံအသင်း၊ ပွဲစဉ်(၁၈)တွင် စစ်ကိုင်းအသင်း၊ ပွဲစဉ်(၁၉)တွင် Chinland အသင်း၊ ပွဲစဉ်(၂၀)တွင် ဧရာဝတီ၊ ပွဲစဉ်(၂၁)တွင် Southern၊ ပွဲစဉ်(၂၂)တွင် မကွေးအသင်းနှင့်ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းမှာ ပွဲစဉ်(၁၇)တွင် ဧရာဝတီအသင်း၊ ပွဲစဉ်(၁၈)တွင် Southern အသင်း၊ ပွဲစဉ်(၁၉)တွင် ရတနာပုံအသင်း၊ ပွဲစဉ်(၂၀)တွင် ဇွဲကပင်အသင်း၊ ပွဲစဉ်(၂၁)တွင် မကွေးအသင်း၊ ပွဲစဉ်(၂၂)တွင် ရခိုင်အသင်းနှင့် ပွဲအားလုံးအိမ်ကွင်း ကစားရမည်ဖြစ်သည်။ ဧရာဝတီအသင်းမှာ ပွဲစဉ်(၁၇)တွင် ရှမ်းယူနိုက်တက်၊ ပွဲစဉ်(၁၈)တွင် ဇွဲကပင်အသင်း၊ ပွဲစဉ်(၁၉)တွင် မကွေး၊ ပွဲစဉ်(၂၀)တွင် ရန်ကုန်၊ ပွဲစဉ်(၂၁)တွင် ဟံသာဝတီ၊ ပွဲစဉ်(၂၂)တွင် စစ်ကိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

တန်းဆင်းဇုန်နှစ်နေရာအတွက် ၁၅ မှတ်စီရထားသည့် မကွေး၊ ဇွဲကပင်နှင့် Southern အသင်း၊ ၁၃ မှတ်ရထားသည့် ဒဂုံနှင့် ၁၂ မှတ်ရထားသည့် Chinland အသင်းတို့ အပြိုင်လုရမည်ဖြစ်ပြီး တန်းဆင်းဇုန်တိုက်ပွဲမှာလည်း နောက်ဆုံးအချိန်ထိ အပြိုင်လုရဖွယ်ရှိနေသည်။

ပွဲစဉ်(၁၆)အပြီးတွင် ရန်ကုန်အသင်းက ၃၃ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၃၂ မှတ်၊ ဧရာဝတီအသင်းက ၃၀၊ ရခိုင်အသင်းက ၂၆ မှတ်၊ ဟံသာဝတီအသင်းက ၂၅ မှတ်၊ စစ်ကိုင်းအသင်းက ၂၃ မှတ်၊ ရတနာပုံအသင်းက ၂၂ မှတ်၊ မကွေး၊ ဇွဲကပင်နှင့် Southern အသင်းတို့က ၁၅ မှတ်စီ၊ ဒဂုံအသင်းက ၁၃ မှတ်၊ Chinland အသင်းက ၁၂ မှတ် ရရှိထားသည်။ ပွဲစဉ်(၁၆)အပြီး ချန်ပီယံဆုအတွက် ရန်ကုန်၊ ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်း သုံးသင်းသာ အပြိုင်လုရမည့်အနေအထားဖြစ်လာပြီး အဆင့်(၄)နေရာတွင် ရပ်တည်နေသည့် ရခိုင်အသင်းသည် ရမှတ် ၂၆ မှတ်သာ ရှိသောကြောင့် ခုနစ်မှတ်ကွာဟနေပြီး ချန်ပီယံမျှော်လင့်ချက် နည်းသွားပြီဖြစ်သည်။

ဇူလိုင် ၁၃၊ ၁၄ ရက်တို့က ကစားသည့် ပွဲစဉ်(၁၆)တွင် ရန်ကုန်အသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဧရာဝတီအသင်းက ဒဂုံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီအသင်းကို သုံးဂိုး-နှစ်ဂိုး၊ Chinland အသင်းက စစ်ကိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရခိုင်အသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး မကွေးနှင့် ရတနာပုံ အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်

ဖားကန့်၌ ကျောက်စိမ်းလုပ်ကွက်ကမ်းပါးယံပြိုကျ၍ ပျောက်ဆုံးနေသည့်လေးဦးအား သေဆုံးလျက်တွေ့ရှိ

ဖားကန့် ဇူလိုင် ၁၅

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု ဗလခကျေးရွာအနီး ကျောက်မျက်တူးဖော်ရေး ရပ်နားထားသည့်လုပ်ကွက်တွင် ဇူလိုင် ၁၃ ရက်က မြေကမ်းပါးယံပြိုကျခဲ့၍ ပျောက်ဆုံးနေသည့် ရေမဆေးကျောက်ရှာဖွေသူ လေးဦးကို ယနေ့နံနက်ပိုင်းက သေဆုံးလျက်ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့က ကျောက်မျက်လုပ်ကွက်ဟောင်း၏ကမ်းပါးယံပြိုကျ၍ ရေလိုင်းပုတ်ခတ်ကာ ရေမဆေးကျောက်ရှာဖွေသူ ငါးဦး ရေကန်အတွင်းပြုတ်ကျခဲ့ပြီး တစ်ဦးကို ကယ်တင်နိုင်ခဲ့သည်။ ပျောက်ဆုံးနေသည့် လေးဦးကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၆ နာရီခန့်တွင် ပျောက်ဆုံးနေသူလေးဦးအား သေဆုံးလျက်ရှာဖွေတွေ့ရှိခဲ့သည်။

သေဆုံးသူများမှာ ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု တောင်ပြိုကျေးရွာနေသူများဖြစ်ကြသည့် တန်ဂမ်း၊ တန်ဂမ်း၊ ဆဗန်တန်ဂမ်းနှင့် တူးရိန်တို့ဖြစ်ပြီး ပါရမီလူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် ဖားကန့်မြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ကာ ဖားကန့်မြို့မရဲစခန်းတွင် အမှုရေးဖွင့်ထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

ချင်းတွင်းမြစ်အတွင်း ကျောက်မီးသွေးတင်ဆောင်လာသော တွဲသင်္ဘောတစ်စင်း နစ်မြုပ်

ကလေးဝ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ရွှေကျင်ကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း ကျောက်မီးသွေး တင်ဆောင်လာသော တွဲသင်္ဘောတစ်စင်း ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီက တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယင်းသင်္ဘောသည် ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာအုပ်စု ထူးဟန်သစ် ကျောက်မီးသွေးကုမ္ဗဏီက ကျောက်မီးသွေး တန်ချိန် ၁၇၅၁ ဒသမ ၉ တန်ကို တင်ဆောင်ပြီး ရေယာဉ်အုပ် ဦးကိုနိုင် ရေစကြိုမြို့နေသူ မောင်းနှင်လာသည့် ဇွဲမြင့်ထွန်း ခုနစ်တွဲသင်္ဘောသည် ကိုင်းတောကျေးရွာအုပ်စု ဇီးဒေါင့်ကျေးရွာအနီးအရောက်တွင် တက်မနှင့် ပန်ကာကြားတွင် သစ်တုံးညပ်၍ အရှိန်မထိန်းနိုင်ဘဲ တွဲသင်္ဘောသံ ၈၂၇ CBR 1043 သည် ဝမ်းဗိုက်ပေါက်ပြီး တိမ်းမှောက်မှုဖြစ်ပွားကာ ရွှေကျင်ကျေးရွာအနီး သောင်ခုံတွင် မှောက်လျက်တင်ကျန်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာနက မိုးရာသီမြစ်ရေကြီးမြင့်ချိန် ချင်းတွင်းမြစ်ကြောင်း တစ်လျှောက် ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ရေဝေသတိပေးချက်ကို ဇွန်လ ဒုတိယပတ်အတွင်းက ထုတ်ပြန်ထားကြောင်း သိရသည်။

ဝင်ဦး(ဧယျာတိုင်း)

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၅

ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် ည ၈ နာရီ ၄၅ မိနစ်က ပင်လည်ဘူးမြို့နယ် သင်္ဘောတာကျေးရွာအနီးလမ်းတွင် သာဌေးနှင့် မြင့်ရွှေတို့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှစ်စီးကို ရပ်တန့်ရှာဖွေရာ သာဌေး မောင်းနှင်လာသည့် ဆိုင်ကယ်ရှေ့ခွကြားရှိ ကျောပိုးအိတ်အတွင်းမှ ဘိန်းစိမ်း ၈ ဒသမ ၁၅ ကီလိုကို လည်းကောင်း။

အလားတူ ဇူလိုင် ၁၃ ရက် ညပိုင်းက စဉ်ကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စဉ်ကိုင်မြို့နယ် စော်ရဲကျေးရွာနေ ဦးမြင့်စိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ခင်မောင်ဦးနှင့် ဇင်မျိုးဦး(ခ) ဘပုတို့အား တွေ့ရှိပြီး ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၀ ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် အမရဌာနီ(အရှေ့)ရပ်ကွက် အမှတ်(၁၂)လမ်းရှိ ဘီယာဆိုင်တွင်တွေ့ရှိသူ ဉာဏ်လင်းထွင့်(ခ)စည်သူ၊ ဝင်းမင်းလတ်(ခ)ဂွန်းတန်နှင့် ကောင်းဉာဏ်ထက်တို့အား ရှာဖွေရာ ဉာဏ်လင်းထွင့်(ခ)စည်သူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၊ လက်ကိုင်ဖုန်း သုံးလုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ၎င်းတို့တည်းခိုနေထိုင်သည့် အောင်မြေသာစံမြို့နယ် ၈၄ လမ်း၊ ၂၂ × ၂၃ လမ်းကြားရှိ တည်းခိုခန်း အခန်းအမှတ်(၂၀၀) ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၁၆ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ည ၈ နာရီ က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်းတွင် နန္ဒကျော် မောင်းနှင်ပြီး ထက်ကိုင်ြမ်း လိုက်ပါလာသည့် Toyota Hiace အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ထက်ကိုင်ြမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ပြားနှင့် ယာဉ်၏ ဝဲဘက်ရှိ နောက်တံခါး ခြေနင်းခုံထောင့် တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ တို့ကိုလည်းကောင်း။

ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ)မှ ဝမ်မိုင်ကျေးရွာသို့သွားသည့် လမ်းမပေါ်တွင် လီချေနှင့် အားဆော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှစ်စီးကို ရပ်တန့်ရှာဖွေရာ လီချေ၏ ဆိုင်ကယ်ခွကြားတွင် တင်လာသည့် ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ကိုရဲ

သဘာဝဘေး ရေကြီး ရေလျှံမှုများ

ရွှေပြည်တန်အမြန်ရေယာဉ်ဆိပ်ကမ်း၌ ကမ်းထိန်းနံရံမြေကျွံကျ

မင်းပြား ဇူလိုင် ၁၅

မင်းပြားမြို့ ပြည်တော်သာ၊ ပြည်တော်လုရပ်ကွက်ရှိ ရွှေပြည်တန်အမြန်ရေယာဉ်ဆိပ်ကမ်း၌ ဇူလိုင် ၁၄ ရက် ည ၇ နာရီက မြေပြိုမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လဆန်းပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေးမြို့မြစ်ရေမြင့်တက်ကာ မြစ်ရေတိုက်စားမှုကြောင့် ဇူလိုင် ၁၄ ရက် ညနေပိုင်းက မင်းပြားမြို့ ရွှေပြည်တန်အမြန်ရေယာဉ်ဆိပ်ကမ်းရှိ ကမ်းထိန်းနံရံတစ်လျှောက် မြေကျွံကျမှုများဖြစ်ပေါ်နေပြီး ယင်းအနီးရှိနေအိမ် ၂၈ လုံးအား အန္တရာယ်ရှိနိုင်သဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မော်လိုက်၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်များရွှေ့ပြောင်း

မော်လိုက် ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ညောင်ဝန်းကျေးရွာ၌ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကမ်းပါးများပြိုကျလျက်ရှိရာ ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီခွဲက ကမ်းပါးပြိုကျမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန် အန္တရာယ်ရှိသည့် နေအိမ်နှစ်လုံးအား ထပ်မံရွှေ့ပြောင်းထားကြောင်း သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ညောင်ဝန်းကျေးရွာတွင် ဇူလိုင် ၉ ရက်က နေအိမ်နှစ်လုံး၊ ဇူလိုင် ၁၁ ရက်က နေအိမ်နှစ်လုံးနှင့် ဇရပ်(ဘုန်းကြီးကျောင်း)တစ်ခု၊ ဇူလိုင် ၁၂ ရက်က နေအိမ်နှစ်လုံးနှင့် ယနေ့တွင် နေအိမ်နှစ်လုံး စုစုပေါင်း နေအိမ်ရှစ်လုံးနှင့် ဇရပ်(ဘုန်းကြီးကျောင်း)တစ်ခုတို့ကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် ကြိုတင်ရွှေ့ပြောင်းပေးခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မော်လိုက်သားလေး**

ကသာမြို့၏ ဇရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်သည် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက် အရ ၁၀၆၃ စင်တီမီတာ စိုးရိမ်ရေမှတ်သို့ ကျော်လွန်နေ၍ အိမ်ထောင်စု ၅၇ စု (လူဦးရေ ၂၆၂ ဦး) အား တာဝန်ရှိသူများက ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

ဟန်မျိုးကျော် (ကသာ)

တနိုင်းမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

တနိုင်း ဇူလိုင် ၁၅

နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်နှင့်အဖွဲ့သည် ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ ယာယီနေထိုင်သည့် မြို့မဘုန်းကြီးကျောင်း ကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူ ၁၅၈ ဦးအတွက် လူတစ်ဦးလျှင် ဆန်ရိက္ခာ ခုနစ်ရက်စာ ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ငွေကျပ် ၃၃၁၈၀၀၊ အထက- ၁ ကျောင်းရှိ ရေဘေးသင့်ပြည်သူ ၁၅၁ ဦးအတွက် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ကျပ် ၃၁၇၁၀၀ နှင့် သာယာရွှေပြည်ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူ ၃၂ ဦးအတွက် ငွေကျပ်၂၁၀၀ နှုန်းဖြင့် ၆၇၂၀၀ ကျပ်၊ မကောကျေးရွာအုပ်စု လမုန်ကျေးရွာ နယ်မြေ(၅)ရှိ ရေဘေးသင့်ပြည်သူ ၄၄၈ ဦးအတွက် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ငွေကျပ် ၉၄၀၈၀၀ စုစုပေါင်း ဆန်ရိက္ခာခုနစ်ရက်စာ ထောက်ပံ့ငွေကျပ် ၁၆၅၆၉၀၀ အား အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကသာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆေးကုသပေး

ကသာ ဇူလိုင် ၁၅

ကသာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် အမှတ် (၂) စစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်မြတ်ထွန်း ဦးစီးအဖွဲ့က ယနေ့မွန်းလွဲ ၂ နာရီက ကသာမြို့အမှတ် (၃) ရက်ကွက် မဟာလေးထပ်ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ဆေးကုသမှုဆောင်ရွက်ခဲ့သည်။

ဆေးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဆေးကုသရေးအဖွဲ့မှ အရာရှိ ငါးဦးနှင့် အခြားအဆင့် ၁၀ ဦးက ရေဘေးသင့်ပြည်သူ ၁၀၀ ခန့်အား ချောင်းဆိုးခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ယားနာများ ဖြစ်ခြင်း၊ ဖျားနာခြင်းစသည့် အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ကသာမြို့၌ ဇရာဝတီမြစ်ရေသည် ဆက်လက်မြင့်တက်လျက်ရှိရာ အခြားရေဘေးကယ်ဆယ်ရေးစခန်းများသို့လည်း သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ဆက်လက်ဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်းထက် (ပြန်/ဆက်)

ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းပေါ် ရေကျော်

ရေကြည် ဇူလိုင် ၁၅

ဇရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်တွင် ယနေ့နံနက် ၇ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကုန်းပြင်ကျေးရွာအုပ်စုနှင့် လက်ပံပင်ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းပေါ်သို့ တောင်ကျချောင်းရေ ဝင်ရောက်ပြီး ရေလွှမ်းလျက်ရှိသည်။

ဆန်းတင့်(ရေကြည်)

ချမ်းသာခြင်းအမှန်ကို သိမြင်နိုင်သည့် သိပ္ပံနည်းကျ ခိုင်မာသော တရားတော်

ဒေါက်တာမောင်ဖြေ

ရာသီအလိုက်ပွဲတော်များ

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့သည် ကိုးကွယ်ရာအယူဝါဒတို့ကို အကြောင်းပြု၍ဖြစ်စေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အကြောင်းပြု၍ဖြစ်စေ၊ နေ၊ လ၊ နက္ခတ်တို့ကို အကြောင်းပြု၍ဖြစ်စေ ရာသီအလိုက်ပွဲတော်များကို ကျင်းပနေကြသည်။ တစ်ဆယ့်နှစ်လရာသီအတွက် ပွဲတော်တစ်ဆယ့်နှစ်မျိုးမကရှိသည်။ မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များကို ဖော်ညွှန်းရာတွင်လည်း မည်သည့်လ၊ မည်သည့်ရာသီ၌ မည်သည့်နက္ခတ်သည် မည်သည့်စန်းနှင့် ယှဉ်ကြောင်း အဓိကဖော်ပြကြသည်။ သို့ဖြစ်၍ ဝါဆိုလကို "ကရကဋ္ဌရာသီ" ခေါ်ဆိုအ၏။ ပြဿာသာဌနက္ခတ်နှင့် စန်းယှဉ်ပြည့်အ၏။ ဗျိုင်းတာရာထွန်းပအ၏။ အချို့က ဥတ္တရာသာဌနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ ရာသီရုပ်မှာ ပုစွန်လုံးကဏန်းသတ္တဝါပုံဖြစ်အ၏။ ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင် ဆိုစကားရှိသည်နှင့်အညီ မိုးဖြိုင်ဖြိုင်ရွာနေပြီဖြစ်သော ဝါဆိုလရာသီတွင် မိုးပွင့်နှင့်အတူ ပွင့်ပြူလာကြသော ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်အ၏။ ပုန်းညက်ဟူသောစကားမှာ ပါဠိသဒ္ဒါ ပုန္နာဂမှ ဆင်းသက်သည်ဟု အချို့ကဆိုသည်။ ကဲ့ကော်အ၏ပါဠိအမည်မှာ နာဂဖြစ်၍ ကဲ့ကော်နှင့် ပုန်းညက် အမျိုးနီးစပ်သည်ဟုလည်း ယူဆကြသည်။ ပုန်းညက်ပန်းသည် အဖြူရောင်ဖြစ်၍ ဖယောင်းကဲ့သို့ ညက်ညောသည်။ ဝတ်ဆံမှာ အဝါဖြစ်သည်။ အနိုင်လိုက်ပွင့်၍ မွှေးကြိုင်သည်။

ရာသီဘွဲ့ဖွဲ့ဆိုရာတွင်

အများသိပြီးသောအကြောင်းကို ထပ်ခါတလဲလဲ မဖော်ကျူးဘဲ အများမသိသောအချက်တို့ကိုသာလျှင်ရာဖွေ၍ စာဆိုတော်များက အဓိကထား၍ ရာသီဘွဲ့များကိုဖွဲ့ဆိုကြသည်။ ထို့ကြောင့် စပ်ဆိုသောသူတို့သည် အကြောင်းအရာချင်းထပ်နေသောကြောင့် ရာသီဘွဲ့ဆိုသည်မှာ မဲ့ပြာပုဆိုးကဲ့သို့ဖြစ်နေမလားဟု ယူဆဖွယ်ရာဖြစ်သည်။ သို့ရာတွင် စာဆိုတော်တို့သည် အဓိကအချက်တို့၌ အကြောင်းအရာချင်းထပ်၍စပ်ဆိုသည်ပင် ဖြစ်သော်ငြားလည်း ယင်းတို့၏ဖွဲ့ပုံ၊ သရုပ်ဖော်ပုံ၊ စိတ်ကူးပုံ၊ စိတ်ခံစားပုံ၊ တွေးခေါ်ပုံတို့ကား တစ်ဦးနှင့်တစ်ဦး မတူ၊ မိမိစိတ်ကူးနှင့် မိမိထူးခြားသည့်အကြောင်းအရာကို ဖွဲ့ဆိုခြင်းဖြင့် ရာသီဘွဲ့၏အရသာကို ခံစားသောသူတို့သည် ငြီးငွေ့ဖွယ်ဟု မယူဆနိုင်ကြချေ။ တစ်မျိုးစီသာ ကောင်းကြသည်။ ကြိုက်နှစ်သက်ကြမည်။

ဥတုသုံးပါးနှင့် အစားအသောက်

မြန်မာနိုင်ငံ၏ပထဝီအနေအထားမှာ နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတုသုံးပါးရှိရာတွင် ထိုဥတုသုံးပါးသည် တစ်ဥတုမှတစ်ဥတုသို့ ပြောင်းသည့်အခါအပူ၊ အအေး အားပြိုင်တတ်ကြသည်။ ထိုအခါမျိုးတွင် ရောဂါဝေဒနာများ ကျရောက်တတ်သည်။ တိုင်းရင်းဆေးပညာအလိုအရ ဝါဆိုလပြည့်ကျော်၁ ရက်နေမှ တန်ဆောင်မုန်းလပြည့်နေ့အထိ မိုးဥတုဟု သတ်မှတ်ထားသည်။ သို့သော်လည်း နွေအပူက မကုန်သေး။ မိုးကလည်း မပီပြင်။ အပူ၊ အအေး အားပြိုင်ဆဲကာလဖြစ်အ၏။ ရောဂါဝေဒနာများ ကျရောက်တတ်ပေသည်။ အစားအသောက်၊ အနေအထိုင်များကို ဆင်ခြင်စွာ နေထိုင်စားသောက်ကြရပေမည်။

မိုးဦးကျဖြစ်တတ်သောရောဂါ

ဝါဆို၊ ဝါခေါင် နှစ်လသည် ဝသန္တဥတုမည်အ၏။ ဤဥတုသည် စိုစွတ်အ၏။ ပူတုံအေးတုံရှိအ၏။ အိုက်စပ်အ၏။ ကောင်းကင်တွင် မိုးတိမ်တို့ မပြတ်ရှိတတ်အ၏။ အနောက်လေပူတတ်အ၏။ နတ်သမီးကွမ်းတံတွေးစသော ပိုး၊ မှတ်၊ ခြင်၊ ယင်၊ ဇား၊ ငြွေ၊ ငှက်တို့ သားပေါက်ဖွားကြအ၏။ ထိမ်၊ မအူ၊ လက်ထုတ်၊ ဆပ်သွား၊ မုလေး၊ ပုန်းညက်၊ စံပယ်တို့ ပွင့်ကြကုန်အ၏။ ရေအိုင်၊ ရေကန်စသည်တို့တွင် ကြာဖြူ၊ ကြာနီ၊ ကြာညိုတို့ပွင့်ကြကုန်အ၏။ အမြစ်၊ အသီး၊ အပွင့်၊ အရွက်ဆေးမျိုးတို့သည် ပေါက်သစ်စဖြစ်၍ ဓာတ်နေသောကြောင့် အစွမ်းသတ္တိနည်းအ၏ဟု ကျမ်းများက ဆိုထားသည်။

ယင်းသို့သောရာသီဥတုတွင် ဝမ်းမီးနှံ့ကာ အစာမကြေရောဂါဖြစ်စေသည်။ မိုးနှင့်အတူတွဲလျက်ပေါ်ပေါက်လာသော သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီး၊ နာနတ်သီးမှစ၍ ကြေခဲ၊ ကျက်ခဲသောသီးနှံများကို ဆင်ခြင်ကာစားသုံးပြီး ကြေလွယ်၊ ကျက်လွယ်သော အစားအစာများကိုသာ စားသောက်သင့်သည်။ အမှည့်လွန်သစ်သီးများမှ ယင်နာစာများ၊ ဝမ်းနူးစာများ၊ မလတ်ဆတ်မသန့်ရှင်းသော အစားအစာများကို သတိထားကာ စားသောက်နေထိုင်ကြရမည်။ မိုးဦးကျအခါဖြစ်တတ်သောရောဂါများကို ကာကွယ်လိုလျှင် လေစိမ်းတိုက်မခံဘဲ နွေးနွေးထွေးထွေးနေသင့်သည်။

တုပ်ကွေးဖျား၊ အအေးမိဖျားတို့ကို တိုင်းရင်းဆေးနံ့ပါတ် (၆) ဟလိတ္ထ စုန္ဒင်းဆေး၊ တိုင်းရင်းဆေး (၂၅) မတဲမြင်းမိုရ် ကုန်းဆေးတစ်မျိုးမျိုးကို ကွမ်းရွက်ပြုတ်ရည်၊ ချင်းပြုတ်ရည်တစ်မျိုးမျိုးဖြင့်သောက်ပါ။ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်းတို့ကို တိုင်းရင်းဆေးနံ့ပါတ် (၃၅) ဇာတိလဝဂ်ံင်းဆေးကို နံနက်၊ ည ရေနွေးဖြင့်သောက်ပါ။ သွေးပုပ်၊ လေပုပ်ကြောင့်ဖြစ်သော အဖု၊ အကျိတ်ဖြစ်က နာမည်ကျော်ဒေဝယက္ခမန်းဆေးလိမ်းပေးပါ။ တိုင်းရင်းဆေး (၁၀) ဝမ်းနုတ်ဆေးဖြင့်ဝမ်းနုတ်ပေးပါ။ လေချပ်၊ လေထိုး၊ လေအောင့်ဖြစ်လျှင် တိုင်းရင်းဆေးနံ့ပါတ် (၃၃) (လေပုပ်ထုတ်)ဆေးကို ရေနွေးဖြင့်သောက်ပါ။ ဝါဆိုလမိုးဦးကျမှာ ဖြစ်တတ်သောရောဂါများကို ကာကွယ်နိုင်ပါပေသည်။

ဓမ္မစကြာတရား

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် မြတ်ဘုရားရှင်သည် ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူပါသည်။ ဘုရားရှင်သည် ဓမ္မစကြာတရားတော်ကို အိန္ဒိယနိုင်ငံ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ဟောကြားခြင်းဖြစ်သည်။ ၁၀၃ ခုနှစ် နေစက်ဝန်းကဝင်လုလု ရွှေရည်များ သွန်းထားသကဲ့သို့ အရှေ့လောကဓာတ်၌ လပြည့်ဝန်းကထွက်ပြူစင်ရည် သွန်းဘိသို့ ကျက်သရေရှိလှသောအခါ ပဉ္စဝဂ္ဂိငါးဦးတို့အား ဘုရားဖြစ်ပြီဟူ၍ ဝန်ခံသောအားဖြင့် ဟောကြားတော်မူခဲ့သည်။

ဓမ္မစကြာတရားတော်သည် ဝိနည်းမဟာ ဝါ ပါဠိတော်၌ ပဉ္စဝဂ္ဂိယကထာ အမည်ဖြင့်လာရှိပြီး ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဓမ္မစက္ကပ္ပဝတ္တနဝါရအမည်ဖြင့် လာရှိပါသည်။ မဟာဝဂ္ဂသံယုတ် ပါဠိတော်၌လည်း "ဓမ္မစက္ကပ္ပဝတ္တနသုတ္တ" အမည်ဖြင့် လာရှိပါသည်။ ဓမ္မစက္ကပ္ပဝတ္တနသုတ်၏ အဓိပ္ပာယ်မှာ တရားဘုရားတော်တည်းဟူသော အသိစက်ကို လည်စေတော်မူခြင်းဟု အဓိပ္ပာယ်ရပါသည်။ (ဓမ္မ= တရားဘုရားတော်+စက္က=စက်ဝန်း+ပဝတ္တန=လည်စေခြင်း) ဖြစ်အ၏။

ဗုဒ္ဓဝါဒ၏တိကျခိုင်မာသောတရား

ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးတရားကို ညွှန်းဆိုဟောကြားတော်မူသော တရားဒေသနာဖြစ်၍ ပိဋကတ်သုံးပုံ၏အနှစ်ချုပ်တရားဟု ဆိုထိုက်ပါသည်။ ဓမ္မစကြာတရားတော်ကို စိစစ်သုံးသပ်ကြည့်ပါက လမ်းစဉ်နှစ်ခုဖြစ်သော အကျင့်ကာမသုခလွန်ကနုယောဂေါ၊ အတ္တကိလမထာနုယောဂေါကို ရှောင်ကြဉ်ရေးနှင့် မဇ္ဈိမပဋိပဒါလမ်းစဉ်မှန် သီလမဂ္ဂင် သုံးပါး + သမာဓိမဂ္ဂင် သုံးပါး+ ပညာမဂ္ဂင်နှစ်ပါးကို ကျင့်ဆောင်ရန် ညွှန်ကြားထားခြင်းဖြစ်သည်။ သစ္စာလေးပါးတရားတော်ကို သိမြင်စေရန် ဟောကြားထားသောကြောင့် မြတ်ဗုဒ္ဓ၏တိကျခိုင်မာသော တရားသဘောတို့ကို တွေ့မြင်နိုင်ပါသည်။

ဓမ္မစကြာတရားတော်ကို စိစစ်သုံးသပ်ကြည့်ပါက လမ်းစဉ်နှစ်ခုဖြစ်သော အကျင့် ကာမသုခလွှိကနုယောဂေါ၊ အတ္တကိလမထာနုယောဂေါကို ရှောင်ကြဉ်ရေးနှင့် မဇ္ဈိမပဋိပဒါလမ်းစဉ်မှန် သီလမဂ္ဂင်သုံးပါး + သမာဓိမဂ္ဂင် သုံးပါး+ ပညာမဂ္ဂင်နှစ်ပါးကိုကျင့်ဆောင်ရန် ညွှန်ကြားထားခြင်းဖြစ်သည်

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဥရုဝေလတောနေရဏ္ဍရာဖြစ်ကမ်းရိ မဟာဗောဓိပင်အောက် ရွှေပလ္လင်တော်ထက်ဝယ် လောကဌ် သိသင့်သိထိုက်သောအရာမှန်သမျှ ကြွင်းမဲ့ကုန်စင် ကောင်းစွာ သိမြင်တော်မူသော မြတ်ဘုရားရှင်သည် ဥရုဝေလတောမှ တစ်ဆယ့်ရှစ်ယူဇနာဝေးသော ပဉ္စဝဂ္ဂိငါးဦးတို့နေထိုင်ရာ ဗာရာဏသီပြည်အနီး မိဂဒါဝုန်ရဂုံမြိုင်အတွင်း၌ ဝါဆိုလပြည့်မွန်းတည့်ကြာ ခဲ့ခြင်းဖြစ်သည်။

တရားတော်၏အချုပ်ကား ရှောင်ရန်အချက်ကြီးနှစ်ချက်ဖြစ်သည်။ ကာမစည်းစိမ်ကို ခံစားသောအကျင့်နှင့် ခန္ဓာကိုယ်ကို ပင်ပန်းသော အကျင့်တို့ကို မပြုခြင်းနှင့် ထိုအကျင့်တို့ဖြင့် ရုပ်ခန္ဓာငြိမ်းအေးသောချမ်းသာကို မရနိုင်။ အစွန်းနှစ်ခုလွတ်သည့် အလယ်အလတ်ကျင့်စဉ်ဖြင့်သာ လောကုတ္တရာ ကောင်းကျိုးတည်းဟူသော အေးငြိမ်းခြင်းကို ရရှိခံစားနိုင်သည်တို့ ဖြစ်ပေသည်။

သိပ္ပံနည်းကျတရားတော်

မြတ်ဘုရားရှင်သည် ဓမ္မစကြာတရားတော်၌ လူအနှောင်အဖွဲ့များကို ကာမဂုဏ်ချမ်းသာ၌ ကပ်ငြိတွယ်တာပြီး လိုက်စားသောအကျင့် "ကာမသုခလွှိကာ နုယောဂေါ"နှင့် မိမိခန္ဓာကိုယ်စိတ်ကို ပင်ပန်းဆင်းရဲစေရန် ပြုလုပ်သောအကျင့် "အတ္တကိလမထာနုယောဂေါ" ဟူသည့် အစွန်းတရား နှစ်ပါးသည် လောကမှလွတ်မြောက်ရေးအတွက် အကျိုးမရှိ၊ အချည်းနှီးသော အကျင့်များဖြစ်သည်။ ယင်းအစွန်းနှစ်ပါးကိုမမှီဝဲရန် လမ်းပြနည်းကို ဟောကြားတော်မူခြင်း ဖြစ်သည်။ ထိုနည်းလမ်းသည် သိပ္ပံနည်းကျဖြစ်ပေသည်။

ချမ်းသာခြင်းအမှန်ကိုသိခြင်း

ဗုဒ္ဓဘုရားရှင်သည် ဗောဓိပင်နှင့်ရွှေပလ္လင်ကို ရရှိတော်မူပြီး ဘုရားဖြစ်သောနေ့မှာပင် "တဏှာလက်သမား သင်ဆောက်လုပ်ထားသော ခန္ဓာအိမ်ကြီးကို ငါမြင်ပြီ။ နောက်ထပ်မဆောက်ရတော့ပြီ" ဟုစိတ်ထဲမှ ကြိတ်ပြီး မနုဿဥဒါန်း ကျူးရင့်တော်မူခဲ့အ၏။ တဏှာလက်သမားကိုမြင်မှ၊ သိမှ၊ တွေ့မှ ဒီတဏှာ လက်သမားလက်မှ လွတ်မြောက်အောင် ရုန်းထွက်နိုင်မှာဖြစ်သည်ကို တွေ့ရှိတော်မူကာ "ဒွေမေ ဘိက္ခဝေ အန္တာပဗ္ဗဇ္ဇိတေန နသေဝိတဗ္ဗာ" အစရှိသည်ကို ဟောကြားသည်။ ဘဝအသစ်မဖြစ်သော ဆင်းရဲခြင်းကင်းမည့် ကျင့်စဉ်များပါရှိလေသည်။ တရားတော်၏ အနှစ်သာရအားဖြင့် အကျင့်သုံးပါး၊ သစ္စာလေးပါး၊ ဉာဏ်တစ်ဆယ့်နှစ်ပါးနှင့် ဗုဒ္ဓဖြစ်ပြီဟူ၍ ဝန်ခံတော်မူထားခြင်းဖြစ်သည်။

ဗုဒ္ဓက ဒုက္ခလေးမျိုးရှိကြောင်းကိုပြသည်။ ယင်းတို့မှာ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခာ၊ မရဏာပိဒုက္ခာလေးမျိုးဖြစ်အ၏။ အဓိပ္ပာယ်မှာ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းသည် ဆင်းရဲခြင်းတို့ဖြစ်အ၏။ ထိုဆင်းရဲဒုက္ခမျိုးကို ခန္ဓကိုယ်နှင့်ပတ်သက်သောဆင်းရဲဒုက္ခမျိုးဟုခေါ်အ၏။

ဒုတိယဒုက္ခမျိုးမှာ မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရခြင်း ဆင်းရဲဒုက္ခနှင့် ချစ်သောသူနှင့်ကွေကွင်းရခြင်း ဆင်းရဲဒုက္ခဖြစ်သည်။ ထိုဆင်းရဲကိုလည်း ပတ်ဝန်းကျင်ဒုက္ခဟုခေါ်သည်။

တတိယဒုက္ခမျိုးမှာ လိုချင်တပ်မက်ပါလျက် မရခြင်းဒုက္ခမျိုးဖြစ်အ၏။ ထိုဒုက္ခတို့သည် ကဲကြမ္မာနှင့်ပတ်သက်သော ဆင်းရဲဒုက္ခဟုခေါ်ခြင်းဖြစ်အ၏။

စတုတ္ထဒုက္ခမျိုးမှာ ခန္ဓာဆင်းရဲခြင်းပင် ဖြစ်ပေအ၏။ ခန္ဓာငါးပါးရရှိလာသည့်အတွက် ဆင်းရဲရသောဒုက္ခမျိုးကို သခါရနှင့်ပတ်သက်သော ဆင်းရဲဒုက္ခမျိုးဖြစ်အ၏။ စတုတ္ထဒုက္ခသည် သခါရဒုက္ခမျိုးဖြစ်အ၏။ ဘုရားရှင်မှ သာသိရသော ဒုက္ခမျိုးဖြစ်အ၏။ ထိုဒုက္ခသည် နိဗ္ဗာန်ကိုအခြေခံရရှိခံစားနိုင်သည်။ ဖော်ပြပါ သခါရဒုက္ခသည် ဆင်ခြင်တုံတရားအရသိရှိရသော ဒုက္ခမျိုးမဟုတ်ပေ။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့နှင့်သာ သိနိုင်သော ဒုက္ခမျိုး ဖြစ်ပါသည်။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုသည်မှာလည်း ဆင်ခြင်တုံတရားနှင့်ရနိုင်သော ဉာဏ်မျိုးဖြစ်သည်။ သခါရဒုက္ခကိုမြင်မှ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်ကို မြင်ရာရောက်ပေမည်။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်ကိုသိကြမှ ဆင်းရဲခြင်းကုန်ရာချမ်းသာစစ်၊ ချမ်းသာမှန်ကိုသိနိုင်၊ မြင်နိုင်၊ ကြိုးစားနိုင်မည်ဖြစ်ပေသည်။ ။

ဝါဆိုလပြည့် ရက်မြတ်ခါ

* ဗုဒ္ဓလောင်းလျှာ တုသိတာမှ
ပြောင်းထလူ့ရွာ သင့်လျော်ခါအား
သကြားဖြတ္မာ စုဝေးကာဖြင့်
တောင်းပန်လင့်သော် လောင်းတော်နတ်သား
သုံးပါးကြည့်ခြင်း ဉာဏ်ဖြင့်ခွင်းလျက်
နတ်သက်လျှောကြွေ သန္ဓေတည်လာ
လူတို့ဌာန ဝမ်းမြောက်ရမည့်
လပြည့်ဝါဆို ထူးကဲပို။
* လူ့ပြည်နန်းရပ် ပျော်ရွှင်လတ်စေ
စည်းစိမ်ဝေဆာ နန်းသုံးဖြာထက်
စံမြန်းသက်ရှည် မြင်လိုသည်ကို
သူအို နာသေ မြင်လေ ရဟန်း
လွတ်မြောက်လမ်းစ မြင်ရနိမိတ်
လွန်လန့်ထိတ်ပြန် ရုန်းထွက်ကြံကာ
လောင်းလျှာသိဒ္ဓတ် တောထွက်အပ်သည့်
လပြည့်နေ့ထူး ဝါဆိုဦး။
* ခြောက်နှစ်ပြည့်တိုင် စွဲမြဲခိုင်လှ
ဒုက္ကရကျင့် လွန်မြောက်သင့်ခါ
မြတ်ဗုဒ္ဓါစစ် ဇကန်ဖြစ်လျက်
ပဉ္စဝဂ္ဂိ စုံညီငါးပါး
ဟောကြားရှေးဦး ထူးခြားလေးနက်
ဓမ္မစကြာ ဒေသနာတော်
ထွန်းပေါ်ဓမ္မ နာခွင့်ရသည့်
လပြည့်မဟာ ဝါဆိုခါ။
* သာဝတ္ထိပြည် လှမ်းကြွချီလျက်
သရက်ဖြူပင် အုံ့ဖွယ်ပင်နား
တိတ္ထိများကို ဆုံးမလိုသော်
ကိုယ်တော်နှံ့ကုန် ရေမီးစုံစွာ
လျှံဖြာပေါ်ထွက် ဝဲယာထက်အောက်
ရှေ့နောက်လျင်စွာ ပြာဋိဟာပြ
မြင်ရသုံးဘုံ ဖူးမြော်ကုန်ကြ
ဝါဆိုလပြည့် ထူးမြတ်၏။
* လပြည့်ဝါဆို ချိန်ခါထိုရက်
ဓမ္မစကြာ အခါတော်နေ့
သတ်မှတ်၍သာ မိန့်ကြေညာရ
မြတ်ဗုဒ္ဓ၏ ထူးသည့်ရက်မို့
နှောင်းလူတို့တွေ့ မမေ့စေရာ
ပြုပေဒါန သီလခိုင်မာ
ဘာဝနာမြဲ လည်မှာဆွဲလျက်
ဓမ္မစကြာ ဒေသနာအား
"နာယူပွားဘိ တစ်သက်တာ"
"ဝါဆိုလပြည့် ရက်မြတ်ခါ"

မောင်အေးချမ်း (တောင်ကြီး)

ဝင်ဘယ်ဒန်တင်းနစ်ဖလား ဂျိုကိုဗစ် ဆွတ်ခူး

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဆားဘီးယားတင်းနစ် အကျော်အမော် ဂျိုကိုဗစ်နဲ့ ဆွစ်ဇာလန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားရော်ဂျာဖက်ဒဲရာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က အနိုင်ရရှိပြီး ဝင်ဘယ်ဒန်တင်းနစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဂျိုကိုဗစ်ဟာ ရော်ဂျာဖက်ဒဲရာကို ၄ နာရီနဲ့ ၅၇ မိနစ် ကြာအကြိတ်အနယ်ကစားပြီး ၇-၆(၇-၅)၊ ၁-၆၊ ၇-၆(၇-၄)၊ ၄-၆၊ ၁၃-၁၂(၇-၃)နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုလို ဝင်ဘယ်ဒန်တင်းနစ်ဖလားကို ရရှိခဲ့တာဟာ ဂျိုကိုဗစ်အတွက် (၁၆) ကြိမ်မြောက် အမျိုးသားတစ်ဦးချင်းဂရန်းဆလမ်းဆုဖလားကို ရယူနိုင်ခဲ့တာ ဖြစ်ပြီး ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားကိုတော့ ငါးကြိမ်မြောက်အဖြစ် ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့အဆင့် နံပါတ်တစ်နေရာမှာ ရပ်တည်နေတဲ့ ဂျိုကိုဗစ်ဟာ တင်းနစ်ကစားသမားဘဝတစ်လျှောက်သြစတြေးလျအိုးပင်းမှာ ခုနစ်ကြိမ်၊ ပြင်သစ်အိုးပင်းမှာ တစ်ကြိမ်၊ အမေရိကန်အိုးပင်းမှာ သုံးကြိမ်အသီးသီး ဗိုလ်စွဲထားခဲ့တာဖြစ်ပါတယ်။

တင်းနစ်လောကရဲ့ အမျိုးသားတစ်ဦးချင်း ဂရန်းဆလမ်းပြိုင်ပွဲတွေမှာ ဆုဖလားအများဆုံးရရှိထားတာကတော့ ရော်ဂျာဖက်ဒဲရာဖြစ်ပြီး အကြိမ် (၂၀)အထိ ရယူထားပါတယ်။ အဲဒီနောက်မှာ ရာဖေးလ်နာဒယ်က (၁၈) ကြိမ်၊ ဂျိုကိုဗစ်က ၁၆ ကြိမ်၊ ပီတီဆမ်ပရက်စ်က (၁၄) ကြိမ် နဲ့ ရွှင်းအီမာဆင်က (၁၂) ကြိမ် အသီးသီး ဗိုလ်စွဲထားပါတယ်။

ငွေကြေယ် - ရေးသားသည်

ဘောလုံးလောကသတင်းတိုများ

လက်စတာစီးတီးအသင်းက နောက်တန်းကစားသမားမာကွီယာ၏ နေရာတွင် အစားထိုးရန်အတွက် ဘရိုက်တန်အသင်းမှ အင်္ဂလန်နောက်တန်းကစားသမား လီဝစ်ဒန့်အား ခေါ်ယူမည်ဖြစ်ပြီး လက်ရှိတွင် သဘောတူညီမှုရရှိထားကြောင်းသိရသည်။

စပါးအသင်း၊ အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့သည် ပီအက်စ်ဂျီအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ဖွယ်ရှိနေသည့် ဒန်နီအဲလ်ဗက်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ဘာစီလိုနာ ကွင်းလယ်ကစားသမား ကော်တင်ဟိုက မန်ယူအသင်းသို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဆီနီဂေါအသင်းက တူနီးရှားကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အာဖရိကနိုင်ငံများဖလား နောက်ဆုံးဗိုလ်လုပွဲတက်လှမ်း

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဆီနီဂေါအသင်းနဲ့ တူနီးရှားအသင်းတို့ရဲ့ပွဲစဉ်မှာ ဆီနီဂေါအသင်းက တူနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာကြောင့် ဆီနီဂေါအသင်းဟာ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းသွားခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဆီနီဂေါအသင်းရော တူနီးရှားအသင်းပါ သာမန်ပွဲကစားချိန်အတွင်း ပင်နယ်တီပြစ်ဒဏ်ဘောတွေ ကန်ခွင့်ရရှိခဲ့ပေမယ့် ဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့တာကြောင့် အချိန်ပိုမိနစ် ၃၀ ကစားခဲ့ရပါတယ်။ အဲဒီအချိန်ပိုအတွင်းမှာပဲ ဆီနီဂေါအသင်းက ပွဲကစားချိန် မိနစ် ၁၀၀ မှာ တူနီးရှားကစားသမား ဘရောင်းနဲ့ထိပြီး ဂိုးဝင်ခဲ့တာကြောင့် အဲဒီတစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

အခြားသောဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အယ်လ်ဂျီးရီးယားအသင်းနဲ့ နိုင်ဂျီးရီးယားအသင်းတို့ပွဲစဉ်မှာတော့ အယ်လ်ဂျီးရီးယားအသင်းက နိုင်ဂျီးရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

အယ်လ်ဂျီးရီးယားအသင်းဟာ ပွဲကစားချိန်မိနစ် ၄၀ မှာ နိုင်ဂျီးရီးယားကစားသမား အက်ကွန်ရဲ့ကိုယ်ဂိုးကိုယ်သွင်းမိတဲ့ သွင်းဂိုးကနေ အဖွင့်ဂိုးရရှိခဲ့ပြီး ပွဲကစားချိန် ၇၂ မိနစ်မှာ နိုင်ဂျီးရီးယားက ပင်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးရရှိခဲ့ပါတယ်။ အယ်လ်ဂျီးရီးယားအတွက် အနိုင်ဂိုးကိုတော့ မိနစ် ၉၀ မှာ မာရက်ဇ်က သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာ ဆီနီဂေါနဲ့ အယ်လ်ဂျီးရီးယားတို့ တွေ့ဆုံမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဇူလိုင် ၁၉ ရက်မှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

အနုပညာ

အဖွဲ့ရဲ့ဆယ်နှစ်ပြည့်နှစ်ပတ်လည်မှာ ပြန်လည်ဆုံစည်းကြမယ့် T-ara

တောင်ကိုရီးယားရဲ့ တစ်ချိန်က အလွန်ကို အောင်မြင်ခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "T-ara" ဟာ မကြာမီမှာ အနုပညာသက်တမ်း ၁၀ နှစ်ပြည့်မှာဖြစ်ပါတယ်။ အဖွဲ့ရဲ့ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် တိုက်ရိုက်ထုတ်လွှင့်တင်ဆက်မှုတစ်ခု ပြုလုပ်သွားမှာဖြစ်ပြီး အဆိုပါအစီအစဉ်မှာ အဖွဲ့ဝင်တွေ ပြန်လည်ဆုံစည်းကြမှာဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

" T-ara " ရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ကျူရီ၊ အွန်ဂျန်း၊ ဟိုမင်နဲ့ ဂျီယောင်းတို့ဟာ အဖွဲ့ရဲ့ဆယ်နှစ်ပြည့်နှစ်ပတ်လည်မှာ ပြန်လည်တွေ့ဆုံမှာပါ။ ဇူလိုင် ၁၅ ရက်မှာ အဖွဲ့ဝင်တွေက သူတို့ရဲ့အင်စတာဂရမ်စာမျက်နှာတွေပေါ်မှာ တိုက်ရိုက်ထုတ်လွှင့်မှုအကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။

အဖွဲ့ဝင်တွေဟာ လာမယ့် ဇူလိုင် ၂၉ ရက်မှာတော့ ရုပ်သံကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှုပြုလုပ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

"T-ara" ဟာ ၂၀၀၉ ခုနှစ် ဇူလိုင် ၃၀ ရက်မှာ "Lie" တေးသီချင်းနဲ့ တေးဂီတလောကအတွင်း စတင်ဝင်ရောက်လာတာ ဖြစ်ပါတယ်။ အမ်ဘီကေ အန်တာတိန်းမန့်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက်မှာတော့ အဖွဲ့ဝင်တွေဟာ သရုပ်ဆောင်လုပ်ငန်းနဲ့ တေးဂီတနယ်ပယ်မှာ သီးခြားစီလှုပ်ရှားမှုတွေ လုပ်ဆောင်နေတာလည်း ဖြစ်ပါတယ်။

မက္ကဆီကို ဖျော်ဖြေပွဲကို လွဲချော်ခဲ့တဲ့ ဂျက်ဆင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "GOT 7" ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျက်ဆင်ဟာ လတ်တလော မက္ကဆီကိုမှာ ပြုလုပ်နေတဲ့ အဖွဲ့ရဲ့ တေးဂီတဖျော်ဖြေပွဲမှာတော့ စင်မြင့်ထက်ကနေ စောစီးစွာထွက်ခွာခဲ့ရပါတယ်။ အကြောင်းကတော့ ကျန်းမာရေးပြဿနာကြောင့် ဖြစ်ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

" GOT7" ဟာ ယခုနှစ်အတွင်း " Keep Spinning World Tour" နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကို ပြုလုပ်နေတာ ဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲတွေကို ပြီးခဲ့တဲ့ လအတွင်းက ဆိုးလ်မှာ စတင်ဖျော်ဖြေပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက် အမေရိကန်မှာဖျော်ဖြေခဲ့ပြီးနောက်မှာတော့ မက္ကဆီကိုမှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ မက္ကဆီကို ဖျော်ဖြေပွဲမှာတော့ ဂျက်ဆင်ဟာ စင်မြင့်ထက်မှာ ဖျော်ဖြေရင်းက ရပ်တန့်ခဲ့ပြီး ဘေးထွက်နေခဲ့ကာ စင်မြင့်နောက်ကို ဝင်ရောက်သွားခဲ့ပါတယ်။ ကျန်အဖွဲ့ဝင်တွေကပဲ ဖျော်ဖြေပွဲကို ပြီးဆုံးအောင် တင်ဆက်ပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

"GOT7" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကင်ယူဂွန်းက ဂျက်ဆင်ရဲ့ အခြေအနေကို စိတ်ပူနေကြတဲ့ ပရိသတ်တွေအတွက် အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရှင်းလင်းခဲ့ပါတယ်။ သူက ပရိသတ်တွေကို စိတ်မပူကြဖို့နဲ့ ဂျက်ဆင်လည်း ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ကင်ရဲ့ ဖော်ပြချက်အရ ဂျက်ဆင်ဟာ အစာအဆိပ်သင့်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဇူလိုင် ၁၄ ရက်က လန်ဒန်မှာ ပြုလုပ်ခဲ့သည့် " The Lion King " ရုပ်ရှင်အထူးပွဲကို တက်ရောက်အားပေးခဲ့သော မင်းသားဟယ်ရီနှင့် မက်ဂန်မာကယ်လ်တို့ အခမ်းအနားတက်ရောက်လာစဉ်။

အေးပြည့်-စုစည်းသည်

ချင်းပြည်နယ်ဝန်ကြီးချုပ် တီးတိန်မြို့ ငါလ်ဇန်လေယာဉ်ကွင်း တည်ဆောက်မည့်နေရာ ကြည့်ရှုစစ်ဆေး

တီးတိန် ဇူလိုင် ၁၅

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့်အဖွဲ့သည် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီက တီးတိန်မြို့နယ် ဆိုင်းဇန်ကျေးရွာ ငါလ်ဇန်လေယာဉ်ကွင်းတည်ဆောက်မည့် မြေနေရာကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေယာဉ်ကွင်း တည်ဆောက်မည့် မြေနေရာကို လှည့်လည်ကြည့်ရှုကြပြီး ရှင်းလင်းဆောင်တွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှူဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးက မြေအနေအထားအရ လေယာဉ်ပြေးလမ်းအလျား ပေ ၃၀၀၀၊ အကျယ်ပေ ၁၀၀ ရရှိနိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်ငယ်များ ဆင်းတက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တီးတိန်မြို့သို့ရောက်ရှိကာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အရာရှိအိမ်ရာ၊ အမှုထမ်းအိမ်ရာတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စကောလမ်းရပ်ကွက်ရှိအထက (၁)၌ စံကိုက်ညီမှုလတန်းကျောင်း အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မြိုနယ် (ပြန်/ဆက်)

ကယားပြည်နယ်ဝန်ကြီးချုပ် မသန်စွမ်းသူများအား ခြေတုတပ်ဆင်ပေး

လွိုင်ကော် ဇူလိုင် ၁၅

ရှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ)နှင့် LDSC (Letter Day Saint Charities) တို့ ပူးပေါင်း၍ ကယားပြည်နယ်အတွင်း မသန်စွမ်းသူများအတွက် အခမဲ့ခြေတုများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက ရှေမင်းသားဖောင်ဒေးရှင်းအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မသန်စွမ်းသူများအတွက် လိုအပ်သည်ကဏ္ဍများတွင် အဆင်ပြေစေရေးအတွက် အဘက်ဘက်မှ ထောက်ပံ့နေသည်ကို သိရကြောင်း၊ မသန်စွမ်းသူများအတွက် ရုံးဆောက်လုပ်နိုင်ရေးအတွက် မြေနေရာကိုလည်း ချထားဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် မသန်စွမ်းသူများ ဝင်-ထွက်သွားလာရေး အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်နိုင်ရေး ရန်ပုံငွေများ ထည့်သွင်းလျာထားမည် ဖြစ်ကြောင်း၊ ကယားပြည်နယ်တွင် မြို့နယ်အလိုက် မသန်စွမ်းသူများ စာရင်းများကို ပြုစုရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက မုဒိတာစကားပြောကြားပြီး LDSC မှ Country Director တစ်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ခြေတုများ တပ်ဆင်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မှတ်တမ်းဗီဒီယိုကို ပြသခဲ့သည်။ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေနှင့် နည်းဥပဒေစာအုပ်များကို ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိအား ပေးအပ်ပြီး ကန္တရဝတီ လူမှုကူညီရေးအသင်းမှ ရှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)အတွက် ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းကာ စုစုပေါင်း မသန်စွမ်းသူ ၇၅ ဦးတို့အတွက် ခြေတု ၇၅ ခုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က မသန်စွမ်းသူများအား ကိုယ်တိုင်တပ်ဆင်ပေးခဲ့သည်။

ရှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) နှင့် LDSC တို့ပူးပေါင်းပြီး ခြေတုတပ်ဆင်ပေးခြင်းကို မန္တလေး၊ ဇရာဝတီ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မွန်၊ ကရင်နှင့် ရခိုင် ပြည်နယ်များတွင် ရှစ်ကြိမ်တိတိ ဆောင်ရွက်ခဲ့ပြီး ခြေတု ၈၅၄ ခု ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **ကိုစိုင်း (လွိုင်ကော်)**

မုံရွာမြို့တွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မုံရွာ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နန္ဒဝန်ရပ်ကွက်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကျောင်းဝင်းအတွင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာ သိုင်းပညာချစ်မြတ်နိုးသူများအဖွဲ့နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)တို့ ပူးပေါင်း၍ မိုးရာသီပထမအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမြန်မာ့ရိုးရာသိုင်းပညာချစ်မြတ်နိုးသူများအဖွဲ့ဥက္ကဋ္ဌ ဦးတေဇာအေးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

ယနေ့ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကုက္ကို၊ စွယ်တော်၊ မဲဇလီ၊ တမာ၊ မည်စည်၊ ကံ့ကော်၊ ခရေ၊ ပိတောက်၊ ဖျောက်ဆိပ်၊ မြန်မာကုက္ကိ၊စသည့် ပျိုးပင် ၁၀၀၀ အား စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **ဝင်းဦး(ဧရယျာတိုင်း)**

နေပြည်တော်နှင့် ယူနန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ချစ်ကြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ရုံးတွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် အဆိုပါ ရုံးဝင်းအတွင်း၌ ကျင်းပသည်။

တရုတ်နိုင်ငံယူနန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နှစ်နိုင်ငံချစ်ကြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ကဲ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ရုံးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် တရုတ်နိုင်ငံယူနန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နှစ်နိုင်ငံအမျိုးသမီးရေးရာအဖွဲ့များ၏ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်းဝင်း

မြောင်းမြမြို့ သူနာပြုသင်တန်းကျောင်းတက်ရောက်ရန် လျှောက်ထားသူများအား သိကောင်းစရာများ အသိပေးဆွေးနွေး

မြောင်းမြ ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင်ဖွင့်လှစ်မည့် သူနာပြုသင်တန်းကျောင်းတွင်တက်ရောက်ရန် လျှောက်ထားသူများအား သူနာပြုသင်တန်းကျောင်းနှင့်ပတ်သက်၍ သိကောင်းစရာများ အသိပေးရှင်းလင်းပွဲကို ဇူလိုင်လ ဒုတိယပတ်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပသည်။

၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် သူနာပြုသားဖွား ဒီပလိုမာ ပထမနှစ်သင်တန်းကို ပုသိမ်၊ ဟသံ်ဘ၊ မြောင်းမြမြို့ သင်တန်းကျောင်းများတွင် တက်ရောက်ရန် သင်တန်းသူ ၃၂၀ ခေါ်ယူမည်ဖြစ်ပြီး မြောင်းမြမြို့တွင် ၈၀ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူက မြောင်းမြမြို့တွင် သူနာပြုသင်တန်းကျောင်းဖြစ်ပေါ်လာပုံနှင့် သူနာပြုသင်တန်းကျောင်း တက်ရောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်မြို့ သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး (မြောင်းမြမြို့ သူနာပြုသင်တန်းကျောင်းတာဝန်ခံ)က သင်တန်းကျောင်း၌ သင်ကြားမည့် ဘာသာရပ်နှင့် အလုပ်အကိုင်ရရှိရေးအကြောင်းများ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူ ကျောင်းသူများနှင့် အုပ်ထိန်းသူမိဘများက သိလိုသည်များ မေးမြန်းမှုကို ကျောင်းအုပ်ဆရာမကြီးက ပြန်လည်ဖြေကြားပေးခဲ့သည်။

"သူနာပြုသင်တန်းကျောင်းတက်ရောက်မယ်ဆိုရင် စေတနာ၊ ဝါသနာ၊ အနစ်နာခံယူနိုင်သူဖြစ်ရပါမယ်၊ အလုပ်အကိုင်ရရှိရေးအတွက် ရည်ရွယ်ချက်တစ်ခုတည်းနဲ့ လျှောက်ထားမယ်ဆိုရင် အဆင်ပြေမှာမဟုတ်ပါဘူး" ဟု ပုသိမ် သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကပေါ်ရှီးက ပြောကြားသည်။

မြောင်းမြမြို့ သူနာပြုသင်တန်းကျောင်းကို ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေမှ မြန်မာနိုင်ငံတွင် ဒီဇိုင်းအလှဆုံး သူနာပြုသင်တန်းကျောင်းပုံစံဖြင့် ကျပ်သန်းပေါင်း ၃၄၀၀၀ ကျော် အကုန်ကျခံကာ အောက်တိုဘာလအတွင်း အပြီးတည်ဆောက်လျက်ရှိကာ နိုဝင်ဘာလလယ်ခန့်တွင် သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်မင်း(မြောင်းမြ)

ကမ်းထိန်းလုပ်ငန်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးမည်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၅

မော်လမြိုင်ကျွန်းမြို့ အနောက်ပိုင်းရှိ ရေစီးကြမ်းသော တုံးလုံချောင်း မြစ်ရေတိုက်စားမှုကြောင့် ယမုန်နာလမ်း မြို့လမ်းမြေ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းကို ဇရာဝတီတိုင်းဒေသကြီး မူလခွင့်ပြုရန်ပုံငွေဖြင့် ဇူလိုင် ၃၀ ရက်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ကြသည်။

ကမ်းထိန်းလုပ်ငန်း ပေ ၁၂၀ ကို ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် ရေဆင်းတံတားအရှည် ပေ ၂၀၊ တံတားအကျယ် ၁၅ ပေ တည်ဆောက်မှုလုပ်ငန်းများကို ဇူလိုင် ၁၄ ရက်တွင် ပြီးစီးသွားပြီဖြစ်သည်။

တုံးလုံချောင်း မြစ်ရေတိုက်စားမှုနှင့် မြို့လမ်းမြေဆုံးရှုံးမှုတို့မှ ကာကွယ်ပေးနိုင်ရန်အတွက် ကျောက်စီမြေထိန်းနံရံတည်ဆောက်မှု ကမ်းထိန်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ပေ ၁၅၀၀ အထိကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီး

မုံရွာ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လုပ်ဆောင်လျက်ရှိသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများသည် ယခုအခါတွင် ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ငွေလုံးငွေရင်းရန်ပုံငွေနဲ့ အထွေထွေပိုလျှံရန်ပုံငွေနဲ့ လုပ်ဆောင်ခဲ့တာဖြစ်တယ်။ ဒီလုပ်ငန်းတွေမှာ ကျောက်စီမြေထိန်းနံရံ၊ ကျောက်စီတမံ၊ ထန်းလုံးရေကာ၊ တာပေါင်ဖို့ခြင်း၊ မျောကျောက်ဖြည့် အခြေထိန်းလုပ်ငန်း၊ ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ၊ မျောတိုင်တန်းသဲအိတ်စီ ရေကာ၊ Gabion Wall တွေ တည်ဆောက်တာပါတယ်၊ အရေးပေါ်ချောင်းတူးလုပ်ငန်းတွေပါတယ်။ အခုဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းအားလုံး ရာခိုင်နှုန်းပြည့်ပြီးစီးရေး လုပ်ဆောင်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဘုန်းကျော်စိန်က ပြောသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ကလေးခရိုင်အတွင်း ခြောက်ခု၊ ကသာခရိုင်အတွင်း ကိုးခု၊ ကန့်ဘလူခရိုင်အတွင်း သုံးခု၊ ခန္တီးခရိုင်အတွင်း သုံးခု၊ စစ်ကိုင်းခရိုင်အတွင်း သုံးခု၊ တမူးခရိုင်အတွင်း တစ်ခု၊ မော်လိုက်ခရိုင်အတွင်း လေးခု၊ မုံရွာခရိုင်အတွင်း လေးခု၊ ယင်းမာပင်ခရိုင်အတွင်း ခြောက်ခု၊ ရွှေဘိုခရိုင်အတွင်း ၁၁ ခုတို့အား ယခုဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်လျက်ရှိရာ လုပ်ငန်းအားလုံး၏ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ပြန်/ဆက်)

မုန်းချောင်းကမ်းပြိုကာကွယ်ရေးတည်ဆောက်နေမှု မကြာမီပြီးစီးတော့မည်

ပွင့်ဖြူ ဇူလိုင် ၁၅

မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပွင့်ဖြူမြို့နယ်အတွင်း မုန်းချောင်းနံဘေးကျေးရွာများဖြစ်သည့် ရွာထောင်ကျေးရွာ၊ မကျီးကုန်းကျေးရွာနှင့် မင်းမြေကျေးရွာတို့တွင် ကမ်းပြိုကာကွယ်ရေးရေထိန်းရေကာတာသုံးခုအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကမ်းပြိုကာကွယ်ရေး ရေထိန်းရေကာတာတည်ဆောက်ခြင်းလုပ်ငန်းကို ပွင့်ဖြူမြို့နယ် ရွာထောင်ကျေးရွာမှာ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၅၀ ဖြင့် မုန်းချောင်းကမ်းပါးတစ်လျှောက် အခြေထိန်းကရစ်ကွက် ပေ ၁၂၅၀ တည်ဆောက်ပြီး ရေကာတာ ပေ ၁၅၀ သုံးချောင်း၊ ပေ ၁၀၀ လေးချောင်း ပါဝင်တဲ့ သုံးတန်းသွား ရေကာတာ တည်ဆောက်ခြင်း၊ မကျီးကုန်းကျေးရွာမှာ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၅၀ နဲ့ အလျား (၉၇၀×၆၅)ပေရှိ ကျောက်ကြီးဖြည့်အခြေထိန်းကရစ်ကွက်လုပ်ငန်းနဲ့ သုံးတန်းသွားမျောရေကာပေ ၁၀၀ ခြောက်ခုတည်ဆောက်ခြင်းလုပ်ငန်းနဲ့ မင်းမြေကျေးရွာမှာ အရေးပေါ် သဘာဝဘေးအန္တရာယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၀ ဒသမ ၅၇ သန်းနဲ့ နှစ်တန်းသွားထန်းလုံးရေကာ ပေ ၁၄၀ နှစ်ချောင်း၊ ပေ (၁၅၀×၆၀) အခြေထိန်းကရစ်ကွက်နှစ်ခုရေကာတာတည်ဆောက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်တာဖြစ်ပါတယ်။ ယခုလက်ရှိမှာ ရေထိန်းရေကာတာ သုံးခုအနက် ရွာထောင်ကျေးရွာနဲ့ မကျီးကုန်းကျေးရွာရှိ ရေကာတာနှစ်ခုဟာ ဇူလိုင် ၁ ရက်က ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်ပါတယ်။ မင်းမြေကျေးရွာရှိ ရေထိန်းရေကာတာ ဆောင်ရွက်နေမှုကတော့ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးသူရိန်ထွန်းက ပြောသည်။

ရဲဝင်းနိုင် (ညောင်ဦး)

(၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ပွဲများ ကျင်းပ

ပြည်ကြီးတံခွန်

(၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၄၅ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၂၀၊ ကဗျာပြိုင်ပွဲတွင် ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

သန်းဇော်မင်း(ပြန်/ဆက်)

ပုလဲ

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့၊ မြိုနယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်းတို့၌ ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက (၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ မြန်မာစကားပုံဆက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၆ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၉၀၊ မူလတန်းအဆင့် မြန်မာစကားပုံဆက်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၉၆ ဦးနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၁၁ ဦး စုစုပေါင်း ၄၄၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြိုနယ် (ပြန်/ဆက်)

ဂန့်ဂေါ

(၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမျိုးသားစစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၁၃ ရက်တွင် လည်းကောင်း၊ အမျိုးသမီးစစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၁၄ ရက်တွင်လည်းကောင်း ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အမျိုးသားစစ်တုရင်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၂၀ နှင့် အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၁၀ ဦးရှိကြောင်း သိရသည်။

စိန်ကျော်

စစ်တွေ

(၇၂) နှစ်ကြိမ်မြောက် အာဇာနည်နေ့အကြို ကဗျာရွတ်ပြိုင်ပွဲကို ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးက ဆယ့်ကိုးဇူလိုင်မမေ့နိုင်ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် နံနက် ၉ နာရီက စစ်တွေမြို့အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ စာစီစာကုံး၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲများ ကျင်းပရာ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

သီပေါ

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမဆောင်၌ အာဇာနည်နေ့အကြို စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲကို ဇူလိုင် ၁၂ ရက် နံနက်က ကျင်းပရာ အာဇာနည်နေ့ဒို့မမေ့ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ၄၆ ဦး၊ အလယ်တန်းအဆင့် ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။

စိုင်း (သီပေါ)

ရန်ကုန်

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြပွဲသို့ မူလွန်အမက(၆)မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ လေ့လာကြည့်ရှုခဲ့ကြပြီး မြိုနယ်ဦးစီးမှူး ဒေါ်ခင်ဆွေဝင်းနှင့် ဝန်ထမ်းများက အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိများ၊ ဗိုလ်ချုပ်အဆိုအမိန့်နှင့် မိန့်ခွန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကိုမင်း (ခရမ်း)

ဇီးကုန်း

(၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြိုနယ် မြန်မာ့မျက်ပွင့်စာကြည့်တိုက်တွင် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အာဇာနည်နေ့ ဒို့မမေ့ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

တင့်ဆွေ(ဇီးကုန်း)

မြဝတီ

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြဝတီမြိုနယ်အတွင်းရှိ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၂ ဦးတို့က မျိုးချစ်အာဇာနည်နှင့် ကိုးဦးဇာနည် လက်ချိုးသီကဗျာတို့ဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

နေပြည်တော် ညောင်ပင်ကြီးစုရှိ သိမ်ကျောင်းတိုက်တွင် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဇွသီရိမြို့နယ်ရှိ နေပြည်တော်ပုဂံဟုတင်စားခေါ်ဝေါ်ကြသည့် ရှေးဟောင်းစေတီတော်များတည်ရှိရာ သိမ်ကျောင်းတိုက်ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ပြီး ဘုရားဖူးလာပြည်သူများ အေးချမ်းစွာနားခိုရန်ရည်ရွယ်၍ ဒေသခံပြည်သူများနှင့် နေပြည်တော်မိသားစု ပရဟိတအသင်းက သစ်ပင်စိုက်ပျိုးခြင်းကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် သိမ်ကျောင်းတိုက်ဆရာတော် ဦးစက္ကိန္ဒ၊ မြတ်ပါရမီလူမှုကူညီရေးအသင်း၊ စိုးမိုးသူလူမှုကူညီရေးအဖွဲ့၊ အမေ့ရိပ်သွေးလှူရှင်များအသင်းနှင့် ဒေသခံပြည်သူများက နတ်မောက်မြို့နယ် ပင်းမြို့ဟောင်းရှိ ရှင်အရဟံ မဟာဗောဓိညောင်တော်မှ ပင်ပွား ၁၀၈ ပင်နှင့် ဖွားဖက်တော်ပင်များ၊ ကဲ့ကော်ပင် ၂၀၊ ခရေ ၂၀၊ ပိတောက် ၂၀၊ တမာ ၂၀နှင့် ရေတမာ ၁၂ ပင် စုစုပေါင်း အပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကိုကိုရွှေ(နေပြည်တော်)

တိုတိုထွာထွာဖတ်စရာ

ညောင်ဦးမြို့နယ်တွင် စက်ရေတွင်းဖွင့်ပွဲကျင်းပ

ညောင်ဦး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထီးပုကျေးရွာအုပ်စု ဒဟတ်ကန်ကျေးရွာတွင် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါ စက်ရေတွင်းအနီး ယာယီမဂ်လာမဏ္ဍပ်တွင် ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင် ဒေါ်သီတာဦးက ညောင်ဦးမြို့နယ် ဒဟတ်ကန်ကျေးရွာသည် ရေရှားပါးကြောင်းသိရ၍ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါစက်ရေတွင်းမှ ထွက်ရှိသည့်ရေသည်ရေချိုဖြစ်ပြီး ၈၄၃ ပေတွင် ရေအောင်ကြောင်း သိရသည်။ **ကိုထိန် (ငါ့သရောက်)**

မှူခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

ရန်ကုန်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး စိုးဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက သန်လျင်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူခင်းပြခန်းယာဉ်ဖြင့် မှူခင်းအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

ဘောလုံးအသင်း အောင်နိုင်ရေးအလံ ပေးအပ်

သီပေါ

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ လားရှိုးမြို့တွင်ကျင်းပမည့် We are one cup ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် Hsipaw United FC ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက တောင်မြို့ရပ် ရဲဝင့်ဝါခန်းမ၌ ကျင်းပခဲ့ပြီး မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အောင်နိုင်ရေးအလံကို အသင်းခေါင်းဆောင်အား ပေးအပ်သည်။ **စိုင်း (သီပေါ)**

လူဦးရေ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းသင်တန်းဖွင့်

ရန်ကုန်

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်နန်းကျွန်းမြို့နယ်အတွင်း၌ လာမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် အခြေခံ မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက သဃ်နန်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **တင်ကြည် (သဃ်နန်းကျွန်း)**

လွယ်ခမ်းတောင် အန္တရာယ်အက်စ်ကွေ့ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မိုးညှင်း ဇူလိုင် ၁၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-လွယ်ခမ်းတောင် အန္တရာယ်အက်စ်ကွေ့အား ကွန်ကရစ်လမ်းခင်းကျင်းနိုင်ရေးအတွက် မိုးညှင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ မြို့နယ် လမ်းဦးစီးအရာရှိ ဦးမောင်မောင်လွင်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီက ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

အဆိုပါလမ်းပိုင်းသည် ရွှေဘိုကြီ-မြစ်ကြီးနားလမ်းမိုင်တိုင်အမှတ် ၂၉၀ ဒသမ ၈ ကီလိုမီတာနှင့် ၂၉၁ ဒသမ ၈ ကီလိုမီတာအတွင်းရှိ မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာနှင့် တစ်မိုင်ခန့်အကွာတွင် တည်ရှိကာ အရှည်၄၄၀မီတာ(၁၅၀၃ပေ)ရှိသည့် လွယ်ခမ်းတောင် အန္တရာယ်အက်စ်ကွေ့ဖြစ်ကြောင်း၊ ၎င်းလမ်းပိုင်းကို ပြည်နယ်ဖြည့်စွက်ရန်ပုံငွေကျပ် ၃၂၃ ဒသမ ၂၆ သန်းဖြင့် ဇွန် ၂၆ ရက်မှစတင်၍ ရှင်းလင်းအကောင်အထည်ဖော်ဆောင်ခဲ့ပြီး စက်တင်ဘာလတွင် အပြီးဆောင်ရွက်မည်ဖြစ်သည်။

